www.burmeseclassic.com


မြို့တော်မြေစာပေ

လင်းသိုက်ညွန့် (မြန်မာ့မြေ)

lynn Thaik Nyunt

Myanmar's Land

BURMESE CLASSIC



# အိုင်တီကဝေ

# iT Witch

ဒုတိယအကြိမ်

Second Edition

design : ငပိုင် (Pro. Creator) 094210 28671

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာလာအောင်တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာလာအောင်တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC

မြန် မာ့ မြေ စာ အုပ် အ မှတ် (၆)

# အိုင်တီကဝေ

# IT Witch

## လင်းသိုက်ညွန့် (မြန်မာ့မြေ)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

အိုင်တီကာဝေ

**လင်းသိုက်ညွန့်(မြန်မာ့မြေ)**

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | ❑ | ပထမအကြိမ်၊ ဇူလိုင်လ၊ ၂၀၀၀<br>ဒုတိယအကြိမ်၊ ဇန်နဝါရီလ၊ ၂၀၁၃ |
| အုပ်ရေ | ❑ | ၁၀၀၀ အုပ် |
| တန်ဖိုး | ❑ | ၁၅၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | ❑ | ဇပိုင် |
| အတွင်းစာစီ | ❑ | ကိုသူရိန် |
| ထုတ်ဝေသူ | ❑ | ဒေါ်သင်းသင်းမွန်၊ "သင်းစာပေ"<br>အမှတ် - ၁၀၊ ရတနာမြိုင်လမ်း၊ ၁၂ ရပ်ကွက်၊ လှည်းတန်း၊<br>ကမာရွတ်မြို့နယ်၊ ရန်ကုန်။ |
| စာအုပ်ချုပ် | ❑ | ဗွယ်တော် (၂) |
| ပုံနှိပ်သူ | ❑ | ဒေါ်မြင့်မြင့်တင်၊ "မြင့်သိင်္ဂီအော့ဖ်ဆက်"<br>အမှတ် - ၂၀၈၊ လမ်း - ၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | ❑ | မြန်မာ့မြေစာပေ |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း

လင်းသိုက်ညွန့်(မြန်မာ့မြေ) ၈၉၅.၈၃
အိုင်တီကာဝေ/လင်းသိုက်ညွန့်၊ - ရန်ကုန်
သင်းစာပေ၊ ၂၀၁၃၊
၄၂ - စာ၊ ၁၉ - ၁၃ စင်တီ
(၁) အိုင်တီကာဝေ (IT Witch)


# WRITTER'S FAN CLUB

Let's go to writing , reading , Learning Society

အမည် ..............................................

အသက် ..............................................

ပညာအရည်အချင်း ..............................................

ကလောင်အမည် (ရှိပါက) ..............................................

နေရပ်လိပ်စာ ..............................................

..............................................

..............................................

(ဤပုံစံကို မိတ္တူကူး၍လည်း ပေးပို့နိုင်ပါသည်။)

**ပေးပို့ရန်လိပ်စာ**


မြန်မာ့မြေစာပေ - အမှတ် (J-7)၊ ရွှေပုန်းညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၅၀၃၁၇၂
Email : Ltnmyanmarmay1@gmail.com


www.burmeseclassic.com

www.burmeseclassic.com

(၁)

လူတစ်ယောက်အခန်းထောင့်တစ်ခုထဲက ထွက်အလာ နောက်မှ လူသုံးယောက်က ဝိုင်းပြီးသေနတ်နဲ့ ချိန်ထားသည်။

ဘုရား ဘုရား သူတို့တကယ် ပစ်တော့မှာလား။

'ဒိုင်း'

'ရှီး'

'အွန့်'

သည်လောက် သေနတ်မှန်တာတောင် ရှေ့မှလူကမဖြို။ ပြန်လှည့်ပြီး အားရပါးရ ပြန်ပစ်နိုင်သေးသည်။

'ဒိုင်း. . .'

ဟော့ကောင် အောင်စည်၊ ဒါဘာလုပ်နေတာလဲ'

ဘောနားမှခပ်ဝဝလူကြီးတစ်ယောက်ရဲ့ ကျုံးအော်သံကြောင့် မျက်မှန်တပ်ထားသည့် အနီးသကောင့်သားမှာ ကွန်ပျူတာ စခရင်မ်ကို ကြည့်နေရင်းလန့်ဖျန့်သွားသည်။

'ဟာ. . ဂျာကြီး'

www.burmeseclassic.com

www.burmeseclassic.com



'ဘာ ခုမှဂျာကြီးလဲ။ မင်း ပရိုဂရမ် Program မရေးဘဲ Game ဆော့နေပြန်ပြီလား။ မင်းကို အလုပ်ချိန်မှာ ဂိမ်းမဆော့ပါနဲ့ဆိုတာ ဘယ်နှစ်ခါပြောရမလဲ'

'ဒီ ဒီလိုပါ ဂျာကြီး ကျွန်တော်ဂိမ်းဆော့တာ ဆော့ချင်လို့ ဆော့တာမဟုတ်ပါဘူး။ ပရိုဂရမ်ရေးတဲ့အခါ ဒီဇိုင်းအပြင် Graphic User Interface တက်အောင်လို့ပါ။ ဂိမ်းတွေရဲ့ ဒီဇိုင်းကအားလုံး အလန်းတွေချည်းပဲမို့လား'

'အံမယ် အပြောကတော့ချောလို့ ပြီးမှလုပ်လိုက်ရင် တလွဲ။ မင်းတော့လား ဟင်း. . . ဟင်း'

* * *

အင်း. . . အောင်စည်ကတော့ ထုံးစံအတိုင်း ဂိမ်းခိုးဆော့လို့ ဂျာကြီးလေသေနတ်မိနေပြီ။ ခွေးကောင် အလုပ်ချိန်မှာ ဂိမ်းတွေ ခိုးခိုးဆော့ပြီး အချိန်တန်လို့ ပရိုဂရမ်တွေ မအပ်နိုင်ရင် သူ့ကိုပဲ လာလာ အပူကပ်နေကျ။

သူ့နာမည်က မျိုးသန့်မောင်ပါ။ Asia Tech ကုမ္ပဏီက ပရိုဂရမ်မာ Programmerတစ်ယောက်ပေါ့။ ပရိုဂရမ် မင်းကို ငယ်ငယ် ကတည်းက ဝါသနာပါလို့ အလုပ်ထဲမှာတော့ အလုပ်လောဘကြီးတဲ့ သူလို့နာမည်ကြီးတယ်။ ရုပ်ပါကလည်း ခပ်ဖြောင့်ဖြောင့်မို့ အလုပ်ထဲမှာ တော့ နှုတ်ခမ်းနီမလေးတွေရဲ့ မျက်နှာဖုံး သတင်းကလေးပေါ့။ ဒါပေမဲ့ မျိုးသန့်မောင်ကိုယ် တိုင်ကတော့ အခုအချိန်အထိ သူရဲ့ အချစ်ပရိုဂရမ် ကလေးကို ဟုတ်တိပတ်တိ မရေးဖြစ်သေးဘူး။

ခဏနေတော့ မျိုးသန့်မောင်က သူ့စားပွဲရှေ့ကLap top ကွန်ပျူတာလေးကိုဖွင့်ပြီး CD တစ်ချပ် ထည့်လိုက်သည်။



'မမွေ့သဝနကာလော့ အယ်ဘာဒန္တာ။'

တရားသံလည်း ကြားရော ဟိုဖက်စားပွဲက အကုသိုလ် **ကောင်** အောင်စည်က. .

'ဟာ. . . ဟေ့ကောင်မျိုးသန့် ဘာတွေဖွင့်တာလဲကွာ'

'ဟ. . . ပရိတ်ကြီး ၁၁ သုတ်ဖွင့်တာလေကွာ။ မင်းမကြား ဘူးလား'

'ဟ. . . ဒီချိန်ကြီး တရားခွေ ဖွင့်စရာလားကွာ'

'တရားခွေဖွင့်တာပဲ ဘယ်အချိန် ဖွင့်ဖွင့်ပေါ့ကွ။ ကွန်ပျူတာ ဆိုတာ တရားခွေ ခဏခဏ ဖွင့်ပေးရတယ်။ ဒါမှ ကွန်ပျူတာထဲကို ဗိုင်းရပ်စ်Virusတွေ ဘာတွေ မဝင်မှာ။ အိမ်တွေမှာ အန္တရာယ်ကင်း ပရိတ်ရွတ်သလိုပေါ့ကွ'

အမ်. . . သူ့ကျမှ ကွန်ပျူတာမှာ ဗိုင်းရပ်စ် Virusမဝင်အောင် ပရိတ်ကြီး (၁၁)သုတ် ဖွင့်ရသတဲ့။ ကြား. . . ကြားဖူးပေါင်။

မျိုးသန့်မောင်တို့က တစ်ခါတစ်လေ အဲ့သလို အူကြောင် ကြောင်နဲ့ ဒါကြောင့် သူငယ်ချင်းတွေက သူ့ကိုပေးထားတဲ့နာမည်က 'မျိုးသန့်ကြောင်'တဲ့။

○

www.burmeseclassic.com

www.burmeseclassic.com

(၂)

ညနေ ရုံးဆင်းလို့ ဖယ်ရီပေါ်တက်လိုက်တည်းက နွမ်းနယ်လာတဲ့ စိတ်တွေက အိမ်ရှေ့ကိုရောက်လို့ကားပေါ်က ဆင်းလိုက်မှ နည်းနည်း ပြန်လန်းသွားသည်။

အိမ်ထဲရောက်တော့ အခန်းထဲဝင်ပြီး အဲယားကွန်း Air-Con အေးစိမ့်စိမ့်ကလေးနဲ့ ဇိမ်ကျကျနှပ်မယ်လုပ်တုန်း မေမေကဆီးပြီး

'သားရေ မနက်ဖြန် မနက်ကျရင်ရွာက မင်းဘကြီး အဘဇိန်နဲ့ဒီကို ရောက်မယ်တဲ့။ အဲ့ဒါ မင်းရုံးမသွားခင် သူ့ကို ကားဂိတ်မှာသွားကြိုလိုက်နော်"

'ဗျာ. . . အဘဇိန် လာမယ်'

'အေးလေ သားရဲ့'

သူ့ရဲ့ အလန့်တကြား အာမေဋိတ်အသံကို မေမေက မသိချင်ယောင်ဆောင်ပြီး အိမ်သာထဲဝင်သွားသည်။ အီး အဲဒီအဘဇိန် ဆိုတာ ရွာမှာ မော်ဆရာလိုလို ဘိုးတော်လိုလိုဆိုလားပဲ။ ခု သူဒီအိမ်ကို လာမယ် ဆိုတော့ မျိုးသန့်ရေ မင်းတော့ မလွယ်ကြောပဲ။



ရုံးကနွမ်းနယ်လာတဲ့ စိတ်ရယ် အိမ်ရောက်မှခပ်နောက်နောက် ဖြစ်သွားတဲ့ အာရုံရယ် နှစ်ခုပေါင်းပြီး မျိုးသန့် အဲကွန်းခန်းထဲမှာ ရေခဲထုံးလုပ်ပြီး ဘီယာနဲ့ မျှောချလိုက်သည်။ (ဟီး ဟီး ဘာမှလည်း မဆိုင်ဘူးနော်)

၀

www.burmeseclassic.com

www.burmeseclassic.com

## (၃)

ဘာဏုရာဇာနေမင်းကြီး၏ လက်တံတို့က အဝေးပြေးကားဂိတ်ကလေးကို KTVက အန်ကယ်လ်ကြီးတို့ လက်သံအတိုင်း တင်းကျပ်နေအောင် ထွေးပွေ့ထားသည်။ မျိုးသန့်ကတော့ နေမင်းကြီးရဲ့ လက်တံတွေထဲက ရုန်းထွက်ပြီး လူအုပ်တွေကြားမှာ အဘဇိန်ကို ရှာဖွေရေးလုပ်နေရသည်။

ဂိတ်တွေ ဂိတ်တွေမှာ ကားတွေ ကားတွေ တစ်စီးပြီးတစ်စီးသာ ထိုးရပ်သွားသည်။ အဘဇိန်ကို အရိပ်အရောင် ကလေးတောင်မတွေ့။ အဲ့သလိုနဲ့ ရှာမရဖြစ်နေတုန်း အရေးပေါ် အခြေအနေအရ မျိုးသန့်တစ်ယောက် အိမ်သာဘက်ကို လစ်လာခဲ့ရသည်။

'ကျွီ. . .'

အိမ်သာတံခါးကိုလည်း ဆွဲဖွင့်လိုက်ရော။ အဘဇိန်က အိမ်သာထဲမှာအထုပ်အပိုးတွေနဲ့ ကျကျနနထိုင်နေသည်။

'ဟာ. . . အဘက ဒီရောက်နေတာကို ကျွန်တော့်မှာ ရှာလိုက်ရတာနှံ့နေပြီ'



'အိမ်း. . . အဘက မင်းဒီရောက်လာမှာကို ကြိုသိလို့ ဒီမှာလာ စောင့်နေတာကွ'

'ဗျာ. . . ကျွန်တော် ဒီရောက်လာမှာကို ကြိုသိတယ်'

'မင်း. . . သိပ်အံ့ဩသွားသလား။ မအံ့ဩပါနဲ့ကွာ။ လူတွေရဲ့ ဘ်ကြမ္မာဆိုတာ အကျအနရေးထားတဲ့ ဗိုင်ယာရီ စာအုပ်လိုပဲကွ။ အားလုံးက စနစ်တကျရှိပြီးသား"။

အင်း. . . အဘဇိန်ကတော့ ရောက်ရောက်ချင်း လုပ်ချလိုက်ပြန်ပြီ။

* * *

အိမ်ကိုရောက်တော့ မေမေကအိမ်ရှေ့မှာ ထွက်ကြိုနေသည်။

'အိမ်း သမီးတော်ကြီး ကျန်းမာချမ်းသာလို့ မာပါစေ'

'အဘရဲ့ မေတ္တာကြောင့် ကျန်းမာချမ်းသာလျက်ရှိကြောင်းပါ အဘ'

အံ့မယ်။ အံ့မယ် သူ့ဟာနဲ့သူတော့ ဟုတ်နေသည်။

'အဘ အခုဒီကိုရောက်လာတာ အလကား မဟုတ်ဘူးကွဲ့'

'မှန်ပါ့၊ အမိန့်ရှိပါအဘ'

'အေး ထူးခြားတဲ့ အစီဥ္စာန်တစ်ခုကို အကောင်အထည်ဖော်ဖို့လာတာ'

'မှန်ပါ မိန့်ပါအဘ'

'အိမ်း . . . အဲဒါက သမီးတော်ကြီးရဲ့အိမ်ကို ဓာတ်ခန်းအဖြစ် ဗဟိုပြုပြီး ခုနှစ်ရက်သားသမီးတွေရဲ့ ဒုက္ခအပေါင်းကို ကယ်တင်မယ့်ကွဲ့'

' မှန်ပါ အဆင်သင့်လှပါတယ်အဘ။ သမီးတော်ကြီးလည်း မနက်ဖြန်ပဲ တရားစခန်းဝင်စရာရှိလို့ အိမ်မှာသားတော်မောင် တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း စိတ်မချဖြစ်နေတာ။ ခုလို အဘရောက်လာတော့ အတော်ပါပဲ'

'အိမ်း . . . ကောင်းပေစွ၊ ကောင်းပေစွ'

အီး မောင်မျိုးသန့်ရေ ဒီအိမ်မှာ ဓာတ်ခန်းဖွင့်မတဲ့။

○

(၄)

"ဂဟတိ ဒေဝီ စန္ဒာဒေဝီ၊ စန္ဒီဒေဝီ၊ မိန္ဒာဒေဝီ၊ ဣန္ဒာဒေဝီ၊ သူရိယာဒေဝီ၊ သူရဿတိဒေဝီ ဆိုပြီး ဒေဝီ(၇)ပါးရှိတယ်ကွ"

"ဟုတ်ကဲ့အဘ အဲ့ဒီဒေဝီတွေက မော်ဒယ်လ်အောဂျင်စီထောင်ထားတာလား"

"ခွီးမှပဲ ကောင်းကောင်းနားထောင်စမ်း၊ အဲဒီ ဒေဝီ(၇)ပါးက (၃၇)မင်းနတ်တွေနဲ့ အဆက်အသွယ်ရှိတယ်ကွ၊ ပြီးတော့ လူတွေဘာတွေကိုလည်း ပြုစားလို့ရတယ်"

"ဗျာ . . . ပြုစားလို့ရတယ်၊ ဟုတ်လား အဘ"

"အေး ဟုတ်တယ်ကွ၊ သူတို့ ချစ်လို့ပဲဖြစ်ဖြစ်၊ မုန်းလို့ပဲဖြစ်ဖြစ် ပြုစားတတ်ကြတယ်"

"အဟီး . . . ကြောက်စရာကြီး"

အဘနဲ့သူ အဲ့သလို စကားကောင်းနေတုန်း အိမ်ရှေ့ကာ-

"အဘရေ . . . အဘ"

"ဟော. . . ဧည့်သည်လာတယ် ထင်တယ်၊ အိမ်ရှေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်ဦး"

"ဟုတ်. . . ဟုတ်ကဲ့အဘ"

* * *

အဘက 'လောကီမဟိဒ္ဓိ ဂမ္ဘီရဆရာကြီး'လေ။ နာမည်က 'အဘဇိန်'တဲ့။ သူ့လုပ်ငန်း၊ သူ့ Field မှာတော့ ဘာကျွမ်းသလဲ မမေးနဲ့၊ စုန်းတိုက်နတ်တိုက်လာမလား၊ အစီအရင်လာမလား။ အကုန်ရတယ်။ လုပ်ငန်းကလည်း ဘယ်လောက်အောင်မြင်သလဲဆိုတော့ သူငယ်ငယ် တလေးတည်းက ဒီအလုပ်တစ်ခုတည်းနဲ့ တိုက်နဲ့ကားနဲ့ ဟမ်းဖုန်းနဲ့ထား နိုင်တာကိုပဲကြည့်ပါလား။ အင်းအခုလည်း အိမ်ရှေ့မှာ အဘဧည့်သည် ထင်ပါရဲ့။

"သားရေ အဘရှိလား"

"ဪ. . . ဟုတ်ကဲ့ ရှိတယ် အန်တီ၊ ဓာတ်ခန်းထဲမှာ"

"အေး. . အေး အန်တီ ဝင်သွားလိုက်မယ်နော်"

○

(၅)

"အိမ်း. . . အိမ်း သမီးတော်ကြီး လာ. . ထိုင်. . ထိုင်"

"ဟုတ်ကဲ့ အဘ၊ အဘကို သမီးတော်ကြီး လျှောက်စရာလေး တစ်ခုရှိလို့ပါ"

"အေး. . . မပြောနဲ့ သမီး၊ မပြောနဲ့ အဘအားလုံးသိပြီးပြီ၊ အဘပြောပြမယ်"

"ဟုတ်. . . ဟုတ်ကဲ့အဘ"

"ဘယ်လိုလဲ၊ သားတော်ကြီး မောင်စိုး ဖောက်ပြန်ပြီမို့လား"

"မှန်လိုက်တာ အဘရယ်၊ ဟုတ်ပါတယ် ဟုတ်ပါ့တယ်၊ သူခုတလော ခြေတော်တော်များနေတယ် အဘ"

"အိမ်း. . . ဘာမှမပူနဲ့၊ အဘယတြာ စီစဉ်ပေးလိုက်မယ်"

"ဟုတ် ဟုတ်ကဲ့ အဘ၊ အဘကို ယုံကြည်ပါတယ်။

"အိမ်း ဟုတ်ပြီ၊ ဒါဆို ယတြာလိုက်မှတ်ဖို့လုပ်"

အဘကအဲ့သလိုလဲပြောလိုက်ရော အဲ့ဒီအဒေါ်ကြီးက အပ်တည်တည်နဲ့ သူ့ပိုက်ဆံအိတ်ကြီးထဲက အရာတစ်ခု ဆွဲထုတ်လိုက်တယ်။

www.burmeseclassic.com



ဟိုက် Lap Top ကြီးပါလား။ အံမယ်။ ဒီအဒေါ်ကြီးက တော်တော် ခေတ်မီတာပဲ။ ယတြာလိုက်မှတ်တာတောင် Lap Top နဲ့ဘာနဲ့ ပြီးတော့ Lap Top ကလည်းသူလိုချင်လို့ အဘကိုခဏခဏပူဆာနေတဲ့ မော်ဒယ်လ် အမျိုးအစား။

"အဆင့်သင့်ဖြစ်ပါပြီအဘ"

"အိမ်း. . . အိမ်း၊ သမီးတော်ကြီးကလည်း ခုလို IT နည်းပညာနဲ့မစိမ်းတဲ့သူဆိုတော့ အဘကခေတ်မီမီ သမီးတော်ကြီးကို ITယတြာလေး ပေးလိုက်မယ်ကွဲ့. ဟုတ်ပြီလား"

"မှန်ပါ အဘ"

"ပထမဆုံးသမီးတော် အွန်လိုင်း(on Line)ပေါ်ကို တက်ရမယ်"

ဗျာ. . . အွန်းလိုင်းပေါ်ကို တက်ရမယ်တဲ့။

ကြည့်ကျက်လည်း လုပ်ဦး အဘရေ။

ဒီအန်တီကြီးက အိုဗာဝိတ်ကြီး။ တော်ကြာဝိတ်လွန် ကြေးတွေ ဘာတွေပေးနေရဦးမယ်။ ဟီး ဟီး။

"ဟုတ်ကဲ့ အဘ အွန်းလိုင်ပေါ်တက်ပြီး ဘာဆက်လုပ်ရမလဲ"

"အေး၊ ပြီးရင်း ချက်တင်(Chatting)ဝက်ဘ်ဆိုက် ရှစ်ခုတိတိကို ဝင်ရမယ်ကွဲ့၊ ဝက်ဘ်ဆိုက်တစ်ခုစီကို ဝင်တိုင်း ဝင်တိုင်း၊ 'ငါ့ယောကျ်ား ပြန်ပေး၊ ငါ့ယောကျ်ား ပြန်ပေး'ဆိုတဲ့ Text Message စာသားကို ရိုက်ထည့်ရမယ်"

"ဟုတ်ကဲ့၊ အဲဒါဆိုပြီးပြီလား အဘ"

"မပြီးသေးဘူး၊ ပြီးတော့ ဖရီးဒေါင်းလုတ် (Free Download) ဝက်ဘ်ဆိုက် တစ်ခုခုကိုဝင်ပြီး သမီးတော်ကြီးကလည်း အီးဘုတ်ဆိုတော့၊ အဲလေ သမီးတော်ကြီးကြိုက်တဲ့ (EBook)တစ်ခုခုကို ဒေါင်းလုတ်



လုပ်ရမယ်ကွဲ့၊ ဒီလိုဆိုရင်တော့ သမီးတော်ကြီးရဲ့ ယတြာအောင်မြင်ပြီ မှတ်"

"ကျေးဇူးကြီးလှပါတယ် အဘ"

အဲ့ဒီ အဒေါ်ကြီးကပြောပြောဆိုဆိုနဲ့ သူ့ပိုက်ဆံအိတ်ထဲက ထောင်တန်ငါးအုပ်ကိုထုတ်ပြီး အဘရှေ့က ကန်တော့ပွဲထဲကိုထည့်တော့ အဘက ပြာပြာသလဲနှင့်။

"နေ. . . နေ၊ သမီးတော်ကြီး ဒီယတြာအတွက် ဉာဏ်ပူဇော်ခကို အဘ ငွေသားနဲ့မလိုချင်ဘူး"

"ဒါဆို ချက်ရေးပေးရမလား အဘ"

"နိုးနိုး သမီးတော်ကြီး၊ သမီးတော်ကြီး အခုသုံးနေတဲ့ Lap Top အမျိုးအစား မော်ဒယ်လ်တူတစ်လုံးကိုပဲ အဘဆီပို့လိုက်။ သမီးတော်ကြီးသုံးနေတဲ့ Lap Topနဲ့ အမျိုးအစားတူ မော်ဒယ်လ်တူ ဖြစ်ပစေနော်။ ဒါမှ သမီးတော်ကြီးနဲ့အဘ ဓာတ်ဆက်သွားမှာ"

"ဟာ. . . ဟုတ်တာပေါ့အဘ၊ ဟုတ်တာပေါ့၊ ခုလို ဓာတ်ဆက်ပေးတဲ့အတွက် ကျေးဇူးကြီးလှပါတယ်၊ စိတ်ချ အဘ ညနေကျရင် သမီးတော်ကြီးရုံးက လူတစ်ယောက်ကို ပို့ခိုင်းလိုက်ပါမယ်"

"အိမ်း. . . အိမ်း၊ သာဓု. . . သာဓု. . .သာဓု"

○

www.burmeseclassic.com

www.burmeseclassic.com



"ဟာ တယ်ဟုတ်ပါလား အဘ၊ ဒါဆိုအဘပေးတဲ့ ITယတြာဆိုတာကရော ဖြီးတာပဲလား"

"ဟား. . . ဟား. . . ဟေ့ကောင်၊ လူကိုသာစော်ကားရင် စော်ကားပါ၊ ပညာကို မစော်ကားပါနဲ့၊ ယတြာကတော့ ရှေးကျမ်းဂန်တွေအတိုင်း တကယ်ကို အမှန်အကန်ပဲ။ အဲ. . . အဲ. . . ဒါပေမဲ့ တစ်ခုတော့ ရှိတာပေါ့၊ ယတြာပေးရင် သူများတွေလို အုန်းညွန့်တို့၊ ငှက်ပျောညွန့်တို့၊ ကံ့ကော်ညွန့်တို့ဆိုတာ ရိုးနေပြီလေကွာ၊ ဒါကြောင့်မို့ ငါကအဲဒါတွေနဲ့ နေ့နံကိုက်ပြီး ITယတြာ ဖန်တီးပေးလိုက်တာ။ ITခေတ်မှာ ITယတြာလုပ်မှ ပိုအစွမ်းထက်မှာပေါ့ကွ"

"ဘာပဲဖြစ်ဖြစ် အဘရာ၊ ကျွန်တော်သိပ်လိုချင်တဲ့ Lap Top ရအောင် ဖန်တီးပေးတာကတော့ ကျေးဇူးပါပဲ"

○

(၆)

"ဟာ. . . ကျွန်တော် သိပ်လိုချင်နေတဲ့Lap Topကိုရအောင် ဖန်တီးပေးတဲ့အတွက် ကျေးဇူးပဲ အဘရေ"

"မလိုပါဘူးကွာ၊ ငါ့အလုပ် ငါလုပ်တာပဲ"

"ဒါနဲ့ အဘပြောလိုက်တာတွေက အားလုံးကွက်တိပဲနော်၊ အဲဒါ ဘာပညာလဲ အဘ"

"ဟား. . . ဟား. . . ဟား အဲ့ဒါ ဘာပညာမှ မဟုတ်ဘူးကွ၊ အတွေ့အကြုံ Experience"

"ဗျာ. . . အတွေ့အကြုံ Experienceဟုတ်လား"

"ဒီမှာ ဟေ့ကောင်၊ သေသေချာချာမှတ်ထား၊ ပေဒင်လာမေးတဲ့သူက မိန်းမလည်းဖြစ်မယ်၊ အသက်ကလည်း လေးငါးခြောက်ဆယ်လောက်၊ အကျီအဝတ်အစားကလည်း ဖရိုဖရဲနဲ့ ဖြစ်သလို ဝတ်လာတဲ့ပုံစံ၊ မျက်လုံးတွေကလည်း ငိုထားသလိုမျိုး အစ်နေတယ်ဆိုရင် ဘာမှစဉ်းစားမနေနဲ့ အဲဒါသူ့ယောကျ်ား ဖောက်ပြန်နေပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com

## (၇)

သူမ ခါတိုင်းကြည့်နေကျ Websiteက ဒီနေ့ ကြည့်မရ၍ 'မေသစ်ညို' စိတ်ညစ်နေသည်။ ဒါနဲ့ ဘာရယ်ညာရယ်မဟုတ်၊ ဖွင်းဖွင်းရှိတာနဲ့ Chatting Siteတွေ ဟိုဝင်ဒီဝင် လျှောက်ကြည့်မိတော့-

Love Boy : "ဟေ့ on line ပေါ်မှာတွေ့ရတာ အားမရတော့ဘူးကွာ"

Venus : "အမလေး ဒါဆိုဘာလုပ်ချင်လို့တုန်း"

Love Boy : "အပြင်မှာ တွေ့ကြမယ်လေ"

Venus : "အံမယ်၊ ရှင်က ယုံရလို့လား"

Love Boy : "ယုံရပါတယ်၊ ကိုယ်က ဥစ္စာပေါ ရုပ်ချော၊ သူတော်ကောင်းလေးပါ"

60 Lady : "ငါ့ယောက်ျားပြန်ပေး၊ ငါယောက်ျား ပြန်ပေး"

Venus : "ဟင်. . . ဘာလဲ။ ရှင်က အိမ်ထောင်ရှိရက်သားနဲ့ ကျွန်မကိုလာကြောင်နေတယ်ပေါ့

Love Boy : "ဟာ. . . မဟုတ်ဘူး ဟန်နီ၊ မဟုတ်ဘူး၊ ဟာ 60 Lady ဒီဆိုတာကြီးက ဘယ်ကလဲမသိဘူး၊ ကိုယ်နဲ့ဘာမှ မဆိုင်ဘူး"



အင်း သိပ်တော့ မရိုးတော့ဘူး။ သူမကြည့်လိုက်တဲ့ Chatting Site တိုင်းမှာ ဒီ 60 Lady ဆိုတဲ့ Account က 'ငါ့ ယောကျ်ား ပြန်ပေး၊ ငါ့ယောကျ်ား ပြန်ပေး' ဆိုတာတွေချည်းပဲ ရိုက်ထည့်နေတယ်၊ အင်းတစ်ခုခုတော့ တစ်ခုခုပဲ၊ မှန်းစမ်း။

အင်း. . . ခပ်ဝဝမိန်းမကြီးပါလား။ သုံးနေတာက အင်တာနက်ကဖီးတကောင် မဟုတ်ဘူး၊ သူ့အိမ်ကပဲ။ ကြည့်ရတာ တော်တော်ချမ်းသာမယ့် အထဲကထင်တယ်။ မျက်နှာကလည်း သိပ်မကောင်းဘူး။ ပါးစပ်ကလည်း ပွစိ ပွစိ။ ဘာတွေပြောနေပါလိမ့်။

"ဟင်း. . . ဟင်း ဒီလူကြီးပြောတော့ ဒီနေ့ ရုံးမှာညဘက် နိုင်ငံခြားသားတွေနဲ့ အစည်းအဝေးရှိတယ်တဲ့၊ ဟုတ်ကော ဟုတ်ရဲ့လားမသိဘူး"

ဪ. . . လက်စသပ်တော့ သူ့ယောကျ်ားကြီးက ခြေရှုပ်လို့ စိတ်ညစ်နေတာကိုး။

ဟော. . . ဟော။ ဟိုဓာတ်ပုံထဲက တွဲရိုက်ထားတဲ့ လူကြီးက သူ့ယောကျ်ားထင်ပါရဲ့ ကဲ. . . မှန်းစမ်း အဲဒီလူကြီး အခုဘယ်ရောက်နေလဲ။

အံမယ် ဘိုးတော်ကြီးက KTVထဲမှာ ကောင်မလေးတွေနဲ့ တဲနေပါလား။ မျက်နှာကြီးကလည်း ပြုံးလို့ဖြီးလို့။

"ဘယ်လိုလဲ ညီမလေး အစ်ကိုကြီးကို ချစ်ရဲ့လား"

"ချစ်တာပေါ့ ကိုကြီးရယ်၊ ချစ်သမှ သိပ်သိပ်ချစ်၊ ဒါပဲနော် ကိုကြီးမီးကို စပွန်ဆာပေးရမယ်"

"ဟာ. . . ပေးရမှာပေါ့ကွယ်။ ပေးမယ် ပေးမယ်"

ဟင်း. . . ဟင်း သိပ်ပျော်နေကြတယ်ပေါ့။ ကိုယ့် အသက်

www.burmeseclassic.com

www.burmeseclassic.com



အရွယ်ကိုမှမထောက် ဒီလောက်တောင် ကဲချင်တဲ့ အန်ကယ်လ်ကြီး မေသစ်ညိုအကြောင်း သိရမှာပေါ့။ လဲ. . . လာလေရော့။

* * *

အင်တာနက်သုံးပြီးလို့ အခန်းထဲကထွက်ဖို့ ဒေါ်တင်အေးမော် အခန်းတံခါးကို ဖွင့်လိုက်တော့-

"ကိုကို နေ့တိုင်းလာနော်၊ မောင်မောင်နေ့တိုင်းလာနော်"

ဟင်ဘယ့်နှယ် ငါ့အိမ်ကနေ KTV ထဲရောက်နေပါလိမ့်၊ ဟာ ဟိုမှာ ကိုမောင်မောင်စိုး၊ အံမယ် ဒင်းက ကောင်မလေးတွေကိုလည်း ဖက်လို့ပါလား၊ တွေ့မယ်တွေ့မယ်။

"ဩော်. . . ကျုပ်ကိုပြောတော့ အစည်းအဝေး အစည်းအဝေး နဲ့ တော်တော်လည်း စည်းဝေးလို့ကောင်းနေတယ်ပေါ့၊ ကိုမောင်မောင်စိုး"

"ဟာ. . . မိန်းမ၊ မင်း ဘယ်. . . ဘယ်ကဘယ်လို ရောက်လာတာလဲ"

"ကျုပ်က ကျုပ်ဘယ်လိုပဲရောက်ရောက် ရှင်အခုချက်ချင်း ကျုပ်နဲ့လိုက်ခဲ့မလား မလိုက်ခဲ့ဘူးလား၊ အဲ့ဒါပဲပြော"

"အေး . . . အေးပါကွာ၊ လိုက်ခဲ့ပါမယ်"

အင်း။ အဘဇိန်တို့ပေးလိုက်တဲ့ ယတြာများ အစွမ်းထက် သလားမမေးနဲ့ ချက်ချင်းကို မြေလျှိုးမိုးပျံပြီး KTVထဲရောက်သွားတော့ တာပဲ။ ဟင်း. . . ဟင်း. . . ဒင်းကြီးတော့လား အိမ်ရောက်မှတွေ့မယ်။

○

(၇)

'ခစ်. . . ခစ်. . . ခစ်' ကောင်းတယ်၊ အဲ့သလောက်တောင် ကဲချင်တဲ့ အန်ကယ်ကြီးမှတ်ပြီလား။

သူမအဲ့သလို သဘောကျနေတုန်း ကွန်ပျူတာစခရင် (Screen) ပေါ်မှာ တင်ထားသည့် မာရီယိုပုံကြီးက တဖြည်းဖြည်း ကြီးလာသည်။ ခဏနေတော့ ကွန်ပျူတာစခရင်ထဲက အပြင်ကို ထွက်လာတာက နှုတ်ခမ်းမွှေးကားကားနှင့် လူကြီးတစ်ယောက်။

"ဟာ. . . လေးလေးတိုး"

"ဘယ်လိုလဲ မိသစ်၊ ပြောတော့ တစ်ပတ်တိတိ ကဝေအတတ် ကို မသုံးပါဘူးဆို၊ ခု ဘယ်လိုဖြစ်တာလဲ"

" ဟီး. . . ဟီး လေးလေးကလည်း သစ်က လူတွေအကျိုး အတွက် ကူညီတာပါ"

"ဘာ့. . . လူတွေအကျိုးအတွက် ကူညီတာလဲ၊ သူများ လင်မယားကြားမှာ သွားရှုပ်ပြီးတော့များ "

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . လေးလေးနော်၊ ယောက်ျားတွေ ဘက်ကဝင်ပြီး ယောက်ျားအချင်းချင်း ရှိုင်းပင်းနေတာ သစ်မသိဘူး မှတ်နေလား။ လေးလေးလည်း ဘာထူးလဲ၊ ပြီးခဲ့တဲ့ အပတ်တုန်းက 'မြို့နယ်လုံးဆိုင်ရာ ကဝေများ အစည်းအဝေး' ရှိတယ်လို့ပြောပြီး ရှောပင်ထွက်တာလေ၊ အဲ့ဒါကြီးတော်ကြီးကို သွားဖွလိုက်ရမလား"

'အာ. . . အာ ဒါတော့ မလုပ်လိုက်ပါနဲ့ မိသစ်ရယ်၊ မပြောနဲ့ ဆို မပြောတော့ပါဘူး"

○

(၉)

မနေ့က ညနေက ဒေါ်တင်အေးမော် လာပို့ပေးထားသော HP ကွန်ပျူတာလေးနှင့် 'မျိုးသန့်မောင်' တို့ ဟန်ကျနေသည်။ Lap Top က နောက်ဆုံးပေါ် Latest Model, Gammer Series ဆိုတော့ ဝိမ်းဆော့လို့ကလည်းရှယ်ပေါ့။

သူ အဲ့သလို ကွန်ပျူတာကို ကလိနေတုန်း အဘရောက်လာပြီး-

"ဘယ်လိုလဲကွ၊ သဘောကျလား"

"ဟာ. . . ရှယ်ပဲအဘ၊ ဒါနဲ့ဒေါ်တင်အေးမော်တို့ဆီက အဘ ပေးလိုက်တဲ့ ယတြာကိစ္စ ဘာကြားသေးလဲ"

"အေး အဲ့ဒါပဲပြောမလို့ကွ၊ မနေ့ညက မတင်အေးမော် ငါ့ဆီ ဖုန်းဆက်တယ်၊ ငါပေးလိုက်တဲ့ ယတြာလုပ်ပြီး ကွန်ပျူတာခန်းထဲက ထွက်လိုက်တော့ ချက်ချင်းသူ့အိမ်ထဲကနေ KTV ကို မြေလျှိုးမိုးပျံ့သလို ရောက်သွားတာတဲ့"

"ဟာ. . . တယ်ဟုတ်ပါလား အဘ"

www.burmeseclassic.com



"မဟုတ်ဘူးကွ၊ ငါ့ယတြာအကြောင်း ငါသိတယ်၊ အဲ့သလောက်အထိ မစွမ်းဘူး၊ ခုဟာက တစ်ခုခုတော့ တစ်ခုခုပဲ"

"ဗျာ. . . တစ်ခုခုတော့ တစ်ခုပဲ ဟုတ်လား"

"အေး လူတွေကြားထဲမှာ အဲ့သလို တစ်နေရာက တစ်နေရာကို ချက်ချင်းဆိုသလို ရောက်သွားအောင် လုပ်နိုင်တာ ကဝေတွေပဲရှိတယ်"

"ဗျာ. . . ကဝေတွေ"

အဘနဲ့သူ၊ အဲ့သလို စကားကောင်းနေတုန်း အိမ်ရှေ့က ဆူဆူညံညံအသံတွေ ထွက်လာတယ်။အင်း. . . ဖိုးမောင်မောင်တို့နဲ့တူတယ်။

"မျိုးသန့်ရေ၊ ဟေ့ကောင် မျိုးသန့်"

"ဟာ. . . လာပါပြီကွ၊ အော်ကြီးဟစ်ကျယ်နဲ့ ဘယ်လိုဖြစ်နေတာလဲ"

"ဟာ. . . ဟေ့ကောင် မင်းဘာမှ မလုပ်ရသေးဘူးလား၊ ဒီနေ့ ဂိမ်းပြိုင်ပွဲရှိတယ်လေ၊ အချိန်တောင်နီးနေပြီ။

ဟာ. . . ဟုတ်ပါရဲ့ ဒီကောင်တွေပြောမှ သတိရတယ်၊ ဒီနေ့ Gameပြိုင်ပွဲရှိတာပဲ။ မဖြစ်ဘူး သွားမှ၊ သွားမှ။ အချိန်ကကပ်နေပြီ။

"အဘရေ. . . ကျွန်တော် Gameပြိုင်ပွဲရှိလို့သွားပြီဗျို့၊ နေ့လယ်စာကို အပြင်မှာပဲ စားတော့မယ်"

"ဟာ. . . ဟေ့ကောင် ဟေ့ကောင် ခဏနေဦး"

"ဗျာ. . . ဘာလဲအဘ၊ အချိန်ကကပ်နေပြီ"

"နေစမ်းပါဦးကွ၊ မင်းအတွက် အဆောင်ပေးမလို့၊ ရော့. . . ရော့ ဒါယူသွား၊ ဒါကိုဆောင်ထားရင် မင်းဒီပြိုင်ပွဲမှာ နိုင်ကိုနိုင်ရမယ်"

ပြောပြောဆိုဆိုနှင့် အဘက သူ့လက်ထဲကို ထိုးပေးတဲ့ ဟာကို



ကြည့်လိုက်တော့ ဟိုက်. . . ရွှေချထားတဲ့ မောက်စ် (Mouse)ကြီးပါလား။ ITယတြာပြီးတော့ အဘကတော့ ITအဆောင် လုပ်ချလိုက်ပြန်ပြီ။ အံမယ် ပြီးတော့လည်း ပြောလိုက်သေးတယ်။

"ဒါ ငါအွန်လိုင်းပေါ်မှာ ခုနှစ်ရက်တိတိ အဓိဋ္ဌာန် ဝင်ပြီးမှ ခက်ခက်ခဲခဲ စီရင်ထားတဲ့ အဆောင်"တဲ့။

○

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

မျိုးသန့်တို့ လှိုင်တက္ကသိုလ်နယ်မြေထဲရှိ Myanmar Info Tech ကိုရောက်တော့ ဂိမ်းပြိုင်ပွဲစဖို့က နာရီဝက်လောက်ပဲ လိုတော့သည်။ အဲဒါ နဲ့ ရောက်ရောက်ချင်း ဖြိုးမောင်မောင်က တာဝန်ရှိသူတွေ ထိုင်နေတဲ့နေရာမှာ ကမန်းကတန်း စာရင်းသွားပေးသည်။

"ညီလေးတို့အဖွဲ့ နာမည်ပြော"

"မဟိဒ္ဒိပါ"

"ဟေ. . . ဘာ"

"ဩော် ဟုတ်ကဲ့ မဟိဒ္ဒိပါ"

သူများတွေက 'Apex'တို့ 'Zeron'တို့ 'United' တို့လို နာမည်မျိုးတွေ ပေးနေတဲ့အချိန်မှာ သူတို့အဖွဲ့က 'မဟိဒ္ဒိ'ဆိုတော့ ထိုလူကြီးက မျက်မှောင်နည်းနည်း ကြုံ့သွားသည်။ ပြီးမှ-

"အေး. . . အေး။ မင်းတို့ပြိုင်ရမှာက ခုံနံပါတ်ရှစ်မှာနော်"

ခုံနံပါတ်ရှစ်ကို သူတို့ရောက်တော့ လားလား။ သူတို့နဲ့ မျက်နှာချင်းဆိုင်



ခုံနံပါတ်ခုနှစ်မှာ ထိုင်နေတဲ့ ဂိမ်းအဖွဲ့က ကောင်မလေးတွေပါလား။ သူတို့ Gammerတွေထဲမှာ မိန်းကလေးဆိုတာက ခပ်ရှားရှားမို့လား။ ပြီးတော့ သုံးယောက်စလုံးကလည်း အမိုက်စားလေးတွေ။

ဟော. . . ပြိုင်ပွဲကစပြီ။ ထုံးစံအတိုင်း ပစ်ကြခတ်ကြ။ ခုတ်ကြ ထစ်ကြ။

"ဟေ့ကောင် ရန်သူက ဟိုနားမှာ"

"ဟာ. . . ဟေ့ကောင် ရှေ့မှာ ပစ်ပစ်"

"ဟာ. . . ဟေ့ကောင် မျိုးသန့်၊ မင်း ဘာယ်ကို ငေးနေတာလဲ။ မင်းဘေးနားမှာ ရန်သူ. . . ရန်သူ"

ဟီး. . . ဟီး အမှန်အတိုင်းပြောရရင် သူကဟိုခုံနံပါတ် ခုနှစ်က ကောင်မလေးတွေထဲက ကောင်မလေးတစ်ယောက်ကို ငေးနေတာ။ အသားလေးက ဝင်းပြီးနုနေတာပဲ။ မျက်နှာကလည်း ပဲကြီးစေ့လေးလို ဝိုင်းဝိုင်းခွက်ခွက်။ ချစ်စရာလေး။

ပြိုင်ပွဲရဲ့ Finalအဆင့်ကို ရောက်တော့ ထူးထူးခြားခြား သူတို့ ခုံနံပါတ်ရှစ်နဲ့ ခုံနံပါတ်ခုနှစ်ပဲ ကျန်ခဲ့သည်။ အံမယ်။ ဒီကောင်မလေး တွေက ဘယ်ဆိုးလို့လဲ။ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြပြီပေါ့။

"ဟာကွာ ကောင်မလေးတွေနဲ့ပြိုင်ရမှာ သိက္ခာကျတယ်ကွာ"

"ဒါပဲနော်၊ တို့က မိန်းကလေးတွေဆိုပြီး ညှာမှာ မဟုတ်ဘူး အပြတ်ဖိုက်မှာပဲ"

ဖြိုးမောင်မောင်တို့က လှမ်းစတော့ ကောင်မလေးတွေက မျက်စောင်းလှမ်းထိုးသည်။ ဟီးဟီး ဟိုကောင်မလေးကတော့ မျက်စောင်းထိုးတာတောင် ချစ်စရာလေး။

www.burmeseclassic.com

www.burmeseclassic.com



ကဲ. . . သူတို့ ပြိုင်ပွဲကတော့ စပြီပေါ့။

* * *

"ဟဲ့. . ဟိုဖက်မှာလေ ပစ်ပစ်"

"ဟဲ့. . မေသစ်ညို၊ ဘယ်ကိုငေးနေတာလဲ၊ ဟိုမှာပစ်လေ၊ နင့်ဘေးနားကို လောင်ချာထမ်းထားတဲ့ ကပ္ပလီကြီး ရောက်နေပြီ"

ဟိ. . . ဟုတ်ပါရဲ့၊ ဟိုကောင်မတွေတောင် ပြောကုန်ပြီ၊ သူမကိုက ဟိုဘက်အုပ်စုက ကောင်ချောချောလေးကို ငေးနေမိတာ။ ဟီဟိ ပုံစံလေးက ချစ်စရာလေး။

"အေးပါဟ၊ ပစ်ပြီ ပစ်ပြီ"

ပြိုင်ပွဲက သူမတို့ဘက်က သိသိသာသာကြီး အရေးနိမ့်နေပြီ။ ခုံနံပါတ်ရှစ်ကကောင်တွေရဲ့ လက်သံက သူမတို့ထင်တာထက်တောင် ပြောင်နေသေး။ မတတ်နိုင်တော့ဘူး လေးလေးတိုးရေ။ သူမရဲ့ ကဝေအစွမ်းကို တစ်ပတ်အတွင်းမှာ ဒုတိယမ္ပိ သုံးရပြန်ပြီပေါ့။ ကိုင်း လာလေရော့။

ဟင်. . . ဘယ်လိုလဲဟ။ သူမအစွမ်းတွေ တစ်ခုမှအရာမရောက်ပါလား။တစ်ခုခုတော့ တစ်ခုခုပဲ။ ဘယ်လိုဖြစ်ပါလိမ့်။ ကဲ. . . ထပ်လာစမ်း။ လာလေရော့။

သူမ အဲ့သလို ကြိုးစားနေတုန်းမှာပဲ ခုံနံပါတ်ရှစ်မှ ဖြိုးမောင်မောင်ရဲ့ အသံက ဟိန်းထွက်လာသည်။

"Yes! Win"

"ဝေး. . . နိုင်ပြီဟေ့"

သွားပြီ. . . သွားပြီ။ သူမရဲ့ ကဝေအစွမ်းလေး ခဏတာ ဆွဲ့အ



သွားစဉ်မှာပဲ။ သူမတို့အဖွဲ့ လှလှပပ ရှုံးနိမ့်သွားပြီ။ ဟင်း. . . ဘယ်လိုဖြစ်တာပါလိမ့်။ လေးလေးတိုးများ ဝင်ရှုပ်တာလား။

သူမအဲ့သလို ငိုင်နေတုန်း ယွန်းက နောက်ကနေ သူ့ကျောကို လာပုတ်ပြီး-

"ဘယ်တတ်နိုင်ပါမလဲဟယ်၊ တကယ်လည်း သူတို့က တို့ထက် Skill ကောင်းတာကိုး"

○

www.burmeseclassic.com



(၁၁)

Myanmar Infotech ကန်တင်းမှာတော့ မျိုးသန့်တို့ အသံတွေ ချည်းပဲ။ ဆူလို့ညံလို့။

"ဒီနေ့ တို့ရဲ့ Key Player က မျိုးသန့်ပဲကွ"

"ဟုတ်တယ်။ Main Enemyတွေအားလုံးကို ဒီကောင်ချည်း ရှင်းပစ်တာ။ ရှယ်ပဲဟေ့"

"ကွန်ကရက်ကျူလေးရှင်း မျိုးသန့်"

"မဟုတ်ဘူးကွ၊ ဟေ့ကောင်တွေရ၊ ငါ့ကိုချည်း မှတ်တင်မနေကြနဲ့၊ ဒီနေ့နိုင်တာ အဘရဲ့ အဆောင်အစွမ်းကြောင့်လည်း ပါတယ်ကွ"

"ဘာပဲဖြစ်ဖြစ်ကွာ၊ မင်းကအဓိကပဲ မဟုတ်လား"

သူတို့ အဲသလို စကားကောင်းနေတုန်း။

"ဝုန်း. . ."

စားပွဲပေါ်ကို အနီရောင်လွယ်အိတ်တစ်လုံး ဝုန်းခနဲလာချသည်။ ဟ. . . ဘာကြောင့်တာလဲဟုဆိုပြီး ရန်တွေ့ဖို့ လှမ်းကြည့်တော့



ဟိုက်. . . ကောင်မလေးတစ်ယောက်ဟ။ နိုးနိုး မဟုတ်ပါဘူး။ Venus (ဗီးနပ်စ်)လေး တစ်ယောက်။ လှချက်ကတော့ကမ်းကုန်ပဲ။ ကိုက်စားချင်စရာလေး။

"ရှင်တို့အဖွဲ့ ခေါင်းဆောင်က ဘယ်သူလဲ"

ကောင်မလေးက အဲ့သလိုမေးတော့ ဖြိုးမောင်မောင်တို့က ဘုမသိ ဘမသိနဲ့ သူ့ကိုထိုးပြသည်။

"ဘာကိစ္စရှိလို့လဲ၊ ကျုပ်က ဒီအဖွဲ့ရဲ့ခေါင်းဆောင်ပဲ"

"ကောင်းပြီ၊ ဒီမှာ ကျွန်မတိုတိုပဲ ပြောမယ်၊ ဒီနေ့ ရှင်တို့ ကျွန်မတို့အဖွဲ့ကို နိုင်သွားတာကို လုံးဝမကျေနပ်ဘူး"

"ဒီတော့ အမိက ဘာလုပ်ချင်လို့လဲ"

"ရှင်နဲ့ ကျွန်မ ချိန်းပွဲချမယ်"

"ဗျာ. . . မကြံကောင်းမစည်ရာ အမိရယ်၊ အမိက မိန်းကလေးနော် စဉ်းစဉ်းစားစားလည်း လုပ်ဦး"

"ဒီမှာရှင်ဘာတွေလျှောက်ပြောနေတာလဲ၊ ကျွန်မပြောတာက ရှင်နဲ့ ကျွန်မချိန်းပြီး ဂိမ်းပြိုင်ဆော့ကြမယ်လို့ ပြောတာ"

"ဪ. . အဲသလိုလား၊ ရတယ်လေ၊ ဒါနဲ့ကြေးက ဘယ်လိုလဲ၊ နည်းလို့တော့ မရဘူးနော်"

"ဟင်း. . . ဟင်း ကြေးနည်းသလား။ များသလားဆိုတာက ကြေးကို ရှင်ကြိုက်သလို သတ်မှတ်။ ရှင်ပြောတဲ့အတိုင်း ကျွန်မလက်ခံတယ် ဘယ်လိုလဲ"

"ကြိုက်ပြီ ဒါနဲ့ အချိန်က"

"မနက်ဖြန် နေ့လည်(၁)နာရီ၊ ပန်းဆိုးတန်းက 'Sky Line'

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ဘာ၏ ကဖီးမှာ'

"အိုကေ. . . ကြိုက်ပြီ"

"ဒါနဲ့ ရှင်ကြေးပြောဦးလေ"

"နိုးနိုး ကြေးကိုအခုမပြောဘူး၊ မနက်ဖြန်မှ သတ်မှတ်မယ်"

"ကောင်းပြီလေ၊ ဒါဆို မနက်ဖြန် နေ့လယ်(၁)နာရီမှာ ကျွန်မတို့ တွေ့ကြမယ်"

○



ဗီးနပ်စ်က အာဒမ်ရဲ့ ပန်းသီးကိုခိုးစားလို့တဲ့။

ဟာကျူလီက ဝိတ်ထိုးပြီး သူ့ကိုကိုင်ပေါက်လိုက်တယ်။

ကျူးပစ်ကလေးရေ။

ကျေးဇူးပြုပြီး အဲဒီ Venus ကလေးကို။

မျှားသန့်ထိုတဲ့ကောင်ရဲ့ ရင်ခွင်ထဲကို ရောက်အောင်ပို့ပေးပါ။

မင်းအတွက် ပလက်တီနမ်မြားလေးတစ်ချောင်း

လက်ဆောင်ပေးလိုက်ပါ့မယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ. . . ဟဲ မင်းတို့က လောင်းကြေးကို ငါဘယ်လို သတ်မှတ်မယ်ထင်လို့လဲ"

"နို့. . . သိဘူးလေကွာ၊ ဘယ်လိုသတ်မှတ်မှာလဲ"

"ငါ့လောင်းကြေးက နိုင်တဲ့သူက ရှုံးတဲ့သူကို ချစ်တယ်လို့ ပြောရင် ရှုံးတဲ့သူက ငြင်းခွင့်မရှိဘဲ လက်ခံရမယ်ဆိုတာပဲ"

○

## (၁၂)

"ဟာ. . . ဒီဝိုင်းကတော့ ရှယ်ပဲမောင်ရေ ဇာတ်လမ်းလေးကတော့ လှတယ်၊ မင်းကတော့ ပွပေါက်ပဲ"

သူတို့ကို အားရပါးရ ရန်တွေ့ပြီး ထွက်သွားတဲ့ ကောင်မလေးရဲ့ နောက်ကျောကိုကြည့်ပြီး ဖြိုးမောင်မောင်က အဲ့သလိုပြောသည်။

"အေးကွာ၊ နာမည်မေးဖို့ မေ့သွားတာ နာတာပဲ"

"နာမည်က အရေးမကြီးပါဘူးကွာ၊ လူတစ်ယောက်လုံးတွေ့နေရပြီပဲ၊ ဒါနဲ့ မနက်ဖြန်ကျရင် မင်းဘယ်လို ကစားမလဲ၊ ဒီနေ့ သူတို့ကစားပုံကြည့်ရတာ ဘယ်လိုမှ မင်းကို နိုင်စရာအကြောင်း မရှိဘူး"

"အေး. . . ငါသိပါတယ်"

"ဒါဆို မနက်ဖြန် မင်းအရှုံးကစားမယ်ပေါ့"

"မဟုတ်ဘူး မနိုင်နိုင်အောင် ကစားမယ်"

"ဟာ. . . ဘာလဲဟ ဒီလိုဆို ကောင်မလေးကတင်းပြီး ဇာတ်လမ်းပြတ်သွားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

(၁၃)

"မေသစ်တို့က လုပ်ချလိုက်ရင် ဖွတ်ပဲ၊ သူတို့လက်ရည်တွေက တကယ့် Grand Standard နော်၊ နက်ဖြန် နင်နိုင်နိုင်ပါ့မလား"

"ဟား. . . ဟား မေသစ်ပါဟာ မပိုင်ရင် ငှက်ပျောသီးတောင် အခွံမနွှာဘူး"

"ဟဲ့. . . နင်အခု နွှာရမှာက ငှက်ပျောသီး မဟုတ်ဘူးနော်၊ ခပ်မိုက်မိုက် ကောင်ကလေး၊ ဟိဟိ ပုံစံလေးကလည်း ချစ်စရာလေး၊ မေသစ်နော် နင်တမင်ဇာတ်လမ်းရှာတာလား"

မေဇွန်က အဲ့သလိုပြောလိုက်တော့ မေသစ်မျက်နှာကြီး နီရဲသွားတယ်။ ပြီးမှ-

"ကောင်မနော်၊ နင်မဟုတ်ကဟုတ်ကတွေ လျှောက်ပြောမနေနဲ့ ငါက တို့အဖွဲ့ရှုံးလို့ မခံချင်စိတ်နဲ့လည်း လုပ်ရသေးတယ်၊ စောင့်ကြည့်နေ မနက်ဖြန်ကျရင် မေသစ်ညိုတို့ အောင်ပွဲခံမှာကို"

* * *



အဲ့ဒီနေ့က အဆောင်ပြန်ရောက်တော့ မေသစ်စိတ်တွေလေး နေတယ်။ ဒီနေ့ သူ့ကဝေအစွမ်းကိုထုတ်တာ ဘာဖြစ်လို့ မရပါလိမ့်။ တစ်ခုခုတော့ တစ်ခုခုပဲ။ ပြောပြောဆိုဆိုနှင့် သူမအခန်းထဲက တီဗွီကို သက်ညှိုးကလေးနှင့် ထိုးလိုက်သည်။ ပြီးတော့ အပေါ်ကို ဆွဲတင်ကြည့်တော့ တီဗွီက သူ့အလိုလို မြောက်တက်လာသည်၊ အင်း သည်လိုတော့ သည်း ကဝေအစွမ်းက သုံးလို့ရသားပဲ။ အဲဒီနေ့က ဘာဖြစ်တာပါလိမ့်၊ အင်း တစ်ခုခု Week ဖြစ်သွားလို့နဲ့ တူတယ်။ မဖြစ်ဘူး မဖြစ်ဘူး ဒီနေ့တော့ စောစောအိပ်မှ။

○

www.burmeseclassic.com

(၁၄)

ထိုနေ့က နေခြည်ကလဲ့နေသည်။ လေပြည်က ချဲ့နေသည်။ ရွှေရည်က သဲ့နေသည်။ ပန်းဆိုးတန်းလမ်းပေါ်က 'Sky Line' ဆိုက်ဘာကဖေးရှေ့မှာတော့ အနီရောင်နှင့် အနက်ရောင် ဆလွန်းကားလေးနှစ်စီး ခေါင်းချင်းဆိုင်ရပ်ထားသည်။ အဲ့ဒီရှေ့မှာတော့ မျိုးသန့်နှင့် မေသစ်ညို တို့ နှစ်ယောက်။ ပြီးတော့ သူတို့သူငယ်ချင်းတွေ။

"ကဲ. . . ဘယ်လိုလဲ၊ ရှင့်ဘက်က ကြေးသတ်မှတ်ပြီးပြီးလား"

"အိုကေ သတ်မှတ်ပြီးပြီ"

"ဒါဆို ရှင့်ကြေးကဘယ်လောက်လဲ"

"လောင်းကြေးက ဒီပြိုင်ပွဲမှာ တကယ်လို့နိုင်တဲ့သူက ရှုံးတဲ့သူကို ချစ်တယ်လို့ပြောခဲ့ရင် ရှုံးတဲ့သူဘက်က လုံးဝငြင်းခွင့်မရှိဘူး လက်တို လက်ခံရမယ်"

မျိုးသန့်ရဲ့စကားကိုလည်းကြားရော မေသစ်ညိုရော သူ့သူငယ် ချင်းတွေပါ ဟာခနဲ ဟင်ခနဲ ဖြစ်သွားသည်။



"ဟင်. . . ဒါတော့ နင်သက်သက်ညစ်တာပဲ"

"ဟ. . . မရဘူးလေ၊ ဒီပွဲက နင်တို့ စ,စိန်ခေါ်တာ၊ ပြီးတော့ ကြိုက်တဲ့ကြေး သတ်မှတ်လို့လည်း ပြောသေးတယ်"

မေသစ်ညိုတို့ သူ့စကားနဲ့ သူခံနေရပြီ။ ဒါပေမယ့် နောက်ဆုံး တော့ အို ဘာဖြစ်လဲ။ သူ့ကို ငါ အေးဆေးနိုင်မှာပဲ ဆိုပြီး။

"ပြီးရော. . . ပြီးရော၊ ရတယ် ရတယ်၊ ဒါပေမဲ့ တစ်ခုတော့ ပြောထားမယ်နော်၊ ငါနိုင်လို့ကတော့ တို့အဖွဲ့ကို နင်တို့တစ်ဖွဲ့လုံးက ဆရာတင်ပါတယ်လို့ ပြောရမယ်၊ ဘယ်လိုလဲ"

"အိုကေ အိုကေ ရတယ်"

"ဒါဆို Agree နော်"

"အေး Agree"

* * *

ဆိုက်ဘာကဖေးထဲရောက်တော့ သူတို့နှစ်ယောက် မျက်နှာချင်း ဆိုင်ထိုင်လိုက်ကြသည်။ ပြိုင်ပွဲက စလေပြီ။ ဂိမ်းပြိုင်ပွဲလား၊ ကျူးပစ် (Cupid) ရဲ့ ကျီစားမှုလားတော့ မသိဘူး။

* * *

ဟင်း. . . ဟင်း ဒီကောင်မလေးတော့ နာတော့မယ်။ ဟိုနေ့က သက်ရည်ကလည်း မဖြစ်စလောက်နဲ့။ ဒီနေ့လည်း ငါ့ကို ဘယ်လိုမှ နိုင်မှာ မဟုတ်ဘူး။ ပြီးတော့ ငါ့ဆီမှာ အဘပေးထားတဲ့ 'မောက်စ်' အဆောင်လည်း ပါသေးတယ်။ သေဖို့သာ ပြင်ပေတော့။

* * *

တွေ့ကြပြီပေါ့ ဝေတီရယ်။ ဟိုနေ့က ငါကာဝေအစွမ်းက

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် မှန်းမသိ ထုတ်မရလို့။ ဒီနေ့တော့ မေသစ်ညို အကြောင်း ကောင်းကောင်း သိပြီသာမှတ်။ ကဲ. . . လာလေရော့ ကဝေအစွမ်းရော

အမ်. . . ဘယ်လိုဖြစ်တာလဲ။ လာပြန်ပြီ။ ဘယ်လိုဖြစ်တာလဲ၊ ကဝေအစွမ်းလေးရယ်။ မနောက်နဲ့နော်။ ဒီပွဲက သစ်အတွက် သေရေးရှင်ရေးပဲ။ ကိုင်း. . . လာလေရော့၊ ဟ. . . ဘယ်လိုဖြစ်တာလဲဟ။ လမ်းမှာတုန်းက သူမအစွမ်းကို ထုတ်ကြည့်လာတာတောင် အကောင်း၊ ခုကျမှ-

"ရှီး. . . ဒိုင်း. . ."

"ရှီး. . . ခလွမ် ဒိုင်းညှောင့် ဒိုင်းညှောင့်"

မေသစ်ညိုတစ်ယောက် သူမရဲ့ကဝေအစွမ်းနဲ့ လုံးလည်ချာလည်လိုက်ပြီး အဲ့သလို မှင်သက်နေတုန်းမှာပဲ။

"Yes! Win"

မျိုးသန့်ရဲ့ အသံက တစ်ခန်းလုံးကို ဟိန်းထွက်သွားသည်။

* * *

ဆိုက်ဘာ ကဖေးလေးရဲ့အဝ၊ ကားကလေးတွေရဲ့ရှေ့မှာတော့ သူတို့နှစ်ယောက်ထဲ။ သူငယ်ချင်းတွေကတော့ ဆိုက်ဘာကဖေးထဲက သူတို့ကို ချောင်းကြည့်နေကြသည်။

"ကဲ. . . ဘယ်လိုလဲ အမိ"

"ရှင်နိုင်သွားပြီပဲ။ ရှင် ကြိုက်သလိုလုပ်ပါ။ လောင်ကြေးကို ကျွန်မဘက်က လိုက်နာဖို့အဆင်သင့်ပဲ"

"ကောင်းပြီလေ၊ ဒါဆို မင်းကိုကိုယ် တစ်ခုပဲပြောမယ်၊ အဲ့ဒါက မင်းကို ကိုယ်ချစ်တယ်"

မျိုးသန့်က ခံစားမှုအပြည့်နဲ့ အဲ့သလိုပြောတော့ မေသစ်ညိုက



မျိုးသန့်ကို ခပ်ဆတ်ဆတ်လေး တစ်ချက်ကြည့်ပြီး-

"ကောင်းပြီ ရှင့်အချစ်ကို ကျွန်မလက်ခံတယ်"

ဤသို့ ဤပုံဖြင့် မျိုးသန့်တည်းဟူသော ကြာသပတေးသား ကောင်လေးတစ်ယောက်နှင့် မေသစ်ညိုတည်းဟူသော ကြာသပတေး သမီး ကောင်မလေးတစ်ယောက်တို့သည် သမီးရည်းစားအဖြစ်သို့ ရောက်ရှိသွားကြလေသည်။

○

www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့တွေက ပြောကြတယ်။
အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်း၊ တဲ့၊
တစ်ချို့တွေက ပြောကြတယ်။
အချစ်ဆိုတာ ပေးဆပ်ခြင်း၊ တဲ့၊
ပလေတို ကလည်း ပြောခဲ့သေးတယ်။
ပလေတိုနစ်လပ်ဗ် *(Platonic Love)* တဲ့၊
သူတို့အတွက်တော့ အချစ်ဆိုတာ၊
တစ်ယောက်က *Game* နိုင်ပြီး၊
တစ်ယောက်က *Game* ရှုံးတာလို့၊
ပြောရမလား၊ ပဲ၊
နိုး နိုး။ သည်လိုဆို မဟုတ်ဘူး ဗျ။
အချစ်ဆိုတာ၊
ကောင်မလေး တစ်ယောက်က
သူမရဲ့ ကာဝေအစွမ်းကို ထုတ်မရဖြစ်ပြီး၊
ကောင်လေး တစ်ယောက်က
ရွှေရောင်မောက်စ်လေး တစ်ခုကို ဆောင်ထားရာက စတာပဲ၊

## (၁၅)

သည်နေ့ပြိုင်ပွဲမှာ ရှုံးခဲ့ရသည့်ကိစ္စကို ပြန်ပြန်စဉ်းစားမိတိုင်း သူမရင်ထဲမှာ တနုံ့နုံ့ ခံစားရသည်။ သည်ကြားထဲ ဟိုကောင်မတွေကလည်း အလိုက်မသိ ဝိုင်းပြောကြသေးသည်။

"ဟင်း. . နဂိုကတည်းက ဇာတ်လမ်းရှာချင်နေတာ မသိဘူး များမှတ်နေလား၊ ခုတော့ ကွက်တိပဲ"တဲ့။ သူမကလည်း ကိုယ့်အကြောင်းနှင့်ကိုယ်မို့ ဘာမှပြန်မပြောသာ။ ရယ်ကျဲ ရယ်ကျဲပဲ လုပ်နေရသည်။ ဟွန်း ခံရခက်လှပါဘိ။

ခုတလော သူမကာဝေအစွမ်းကလည်း ဘာဖြစ်နေလဲမသိ။ ဒီအတိုင်းနေရင်အကောင်း။ အဲ့ဒီကောင်လေးရှေ့ ရောက်လို့ရှိရင် ထုတ်လို့ကို မရတော့ဘူး။ ခုလိုဖြစ်သွားတော့လည်း ခပ်ကောင်းကောင်းဘဲလေ။ ခုဆို သူတို့က သမီးရည်းစားတွေ ဖြစ်သွားပြီဆိုတော့ ဘာပဲဖြစ်ဖြစ် အရင်ကထက်စာရင် ရင်းရင်းနှီးနှီး ဆက်ဆံကြရတော့မယ်။ ဒီတော့ ဘာဖြစ်လို့ သူ့ကာဝေအစွမ်းတွေ ထုတ်လို့မရ ဖြစ်နေသလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဖြည်းဖြည်းချင်း စုံစမ်းရမယ်။ ဟွန်း သိလို့ကတော့ မျိုးသန့်ရယ် သေဖို့သာပြင်ပေတော့။

"ဟဲ့ . . ပလုတ်တုတ်"

သူမ အဲ့သလို အတွေးကောင်းနေတုန်း။ သူမ ပတ်ပတ်လည်မှာ မီးခိုးတွေ အူခနဲ ထလာသည်။ ဘုရား. . ဘုရား။ မီးများ လောင်တာလား။ မီးခိုးတွေ ဖြည်းဖြည်းချင်းလည်း ရှဲသွားရော။ လူကြီးတစ်ယောက်က သူမဘေးမှာ ငုတ်တုတ်။ ဟိုက်. . လေးလေးတိုး။

"မိသစ် နင် ဘာတွေ လျှောက်လုပ်နေတာလဲ"

"ရှမ် . . . မီးဘာလုပ်လို့လဲ"

"အံမာ ခုမှ မီးတွေ၊ ရေတွေလုပ်ပြီး ရှုးချင်ယောင်ဆောင် မနေနဲ့။ နင် အခုတလော ကောင်လေးတစ်ယောက်နဲ့ ဘာလိုလို ညာလိုလို လုပ်နေတယ်ဆို။ ရှုတ်ရှုတ် ရှုတ်ရှုတ်တော့ မလုပ်နဲ့နော် မိသစ်။ ငါ အခုချက်ချင်း နင့်အဖေနဲ့ သွားတိုင်လိုက်မှာ"

"ဟာ. . . အဲ့သလိုတော့ မလုပ်နဲ့ လေးလေးရဲ့။ မီးနဲ့ သူနဲ့က သူငယ်ချင်းတွေပါ။ တော်ကြာနေ ဖေဖေ့ဆီက လူပြည်မှာ နေခွင့်ပါမစ်လေးပါ ပိတ်သွားပါဦးမယ်"

"အေး . . မတိုင်စေချင်ရင် နင်လည်း ရှုတ်ရှုတ် ရှုတ်ရှုတ် မလုပ်နဲ့။ လူဆိုတဲ့ကောင်တွေက သိပ်ပေါင်းလို့ သင်းလို့ကောင်းတဲ့ကောင်တွေ မဟုတ်ဘူး"

"အင်းပါ. . လေးလေးရာ၊ ဩော်. . . ဒါနဲ့ လေးလေးကို ထူးဆန်းတာတစ်ခု မေးရဦးမယ်"

"အေး . . ပြော"



"သမီးရဲ့ ကဝေအစွမ်းကလေ ဒီအတိုင်းဆိုရင်အတောင်းဒါပေမဲ့ ဘာဖြစ်လို့လဲ မသိဘူး။ အဲ့ဒီကောင်လေးရှေ့ ရောက်ရင် ဘာအစွမ်းမှ ထုတ်လို့မရတော့ဘူး။ တစ်ခါလည်း မဟုတ်ဘူး။ သမီး သတိထားမိတာ နှစ်ခါတောင်ရှိပြီ။ အဲ့ဒါ ဘာဖြစ်လို့လဲ လေးလေး"

"ဟေ. . ဟုတ်လား၊ နင့်ဟာက သေချာရဲ့လား မိသစ်ရဲ့"

"သေချာပါတယ် လေးလေးရာ၊ လုံးဝလုံးဝကို ထုတ်လို့ မရတာ"

"ဒါဆို အဲ့ဒီကောင်လေးက လူဆိုတာရော သေချာရဲ့လား။ တော်ကြာ တို့လိုစုန်းတွေ၊ ကဝေတွေ ဖြစ်နေဦးမယ်"

"သေချာပါတယ် လေးလေးရ၊ သူ့နားက မီးတို့လို ကဝေနံ့တွေ ဘာတွေမှ မရတာ"

"အေး . . ဒါဆို ဖြစ်နိုင်တာ တစ်ခုပဲရှိတယ်။ နင့်ကောင်လေးရဲ့ကိုယ်ပေါ်မှာ မှော်အတတ်နဲ့ စီရင်ထားတဲ့ အဆောင်တစ်ခုခုရှိရမယ်။ နောက်တစ်ခါ နင်နဲ့တွေ့မှ သေသေချာချာရှာကြည့်"

"ဟာ . . . ဟုတ်လား. . လေးလေး"

"အေး. . အေး. . အာ ဒီနေ့ ငါ 'ကဝေများ တက္ကသိုလ်'မှာ 'ဖားပြုတ်အသွင်ပြောင်းနည်း' စာတမ်း ဖတ်ဖို့ရှိတာပဲ။ ကဲ. . ကဲ. . ငါသွားတော့မယ်။ ညည်းလည်း လူတွေကြားမှာ သိပ်ကဲမနေနဲ့နော်"

"ဟုတ်ကဲ့ပါ လေးလေးရဲ့၊ အဲဒီကောင်လေးနဲ့ကိစ္စ ဖေဖေ့ကို သွားမတိုင်နဲ့ဦးနော် ဟီး. . ဟီး. . ။"

○

www.burmeseclassic.com

www.burmeseclassic.com



(၁၆)

သူတို့ရဲ့ သမီးရည်းစားဘဝ ပထမဆုံးနေ့က သိပ်ရင်ခုန်စရာ မကောင်း။ မနက်ကတည်းက အတူတူ ထွက်လာပြီး လျှောက်လည်ကြမလို့ အားခဲနေတုန်း မျိုးသန့် ဟမ်းဖုန်းက မြည်လာတာနဲ့ ကောက်ကိုင်လိုက်တော့။

"အေး . . မျိုးသန့်လား"

"ဗျာ. . ဟုတ်ကဲ့ အဘ"

" အေး. . ဒီနေ့ညနေ ငါ အစီအရင်တစ်ခု လုပ်စရာရှိလို့ကွာ။ အဲ့ဒါ စကော့ဈေးရှေ့က National CD ဆိုင်ကို ဝင်ပြီး ဘရစ်တနေ စပီးယားရဲ့ နောက်ဆုံးAlbum ဝယ်လာခဲ့စမ်းပါ။"

"ဟာဗျာ အဘကလည်း အစီအရင်လုပ်မယ်လည်း ဆိုသေးတယ်။ အုန်းသီးတို့၊ ငှက်ပျောသီးတို့မှာတာမဟုတ်ဘူး။ ဘယ်နှယ့် ဘရစ်တနေစပီးယား အခွေတဲ့"

" ဟေ့ကောင် ဘာမှ လျှာရှည်မနေနဲ့။ ငါမှာတာပဲ ဝယ်လာခဲ့





ဒါပဲ"

သည်လိုနှင့် 'မေသစ်ညို' ပါ ဘုမသိ ဘမသိနဲ့ ဘရစ်တနေစပီးယား အခွေလိုက်ဝယ်ပြီး National CD က ပြန်အထွက်-

မျိုးသန့်ဖုန်းက ထပ်မြည်လာပြန်သည်။

"အေး. . ဟေ့ကောင် ငါမှာဖို့ မေ့သွားလို့။ ထရိတ်ဒါးကို ဝင်ပြီး ပီဇာတစ်ချပ်လောက်ဆွဲခဲ့ဦး။ ဒီမှာ စားတော်စာ ပြတ်သွားလို့"

သေဟဲ့ နန္ဒိယ။ အဘကတော့ လုပ်ချလိုက်ပြန်ပြီ။ စားတော်စာဆိုလို့ သူများတွေလုပ်တာ မုန့်ဖြူ မုန့်နီပဲ ကြားဖူးပါတယ်။ သူ့ကျမှ ပီဇာတဲ့။ ဪ. . ခံလိုက်ဦးဟဲ့ မျိုးသန့်ရဲ့။ ဝဋ်တွေ . . ဝဋ်တွေ။

ထရိတ်ဒါးက စားတော်စာ (အဲလေ) ပီဇာဝယ်ပြီး ထွက်လာလို့ ဖုန်းက ထပ်မမြည်တော့မှ မျိုးသန့်တို့ ဟင်းချနိုင်တော့တယ်။ ဟူး အဲ့သလို ကောင်းခန်းလေးလည်းရောက်ဦးမှ။ ကဲ. . ရည်းစားအသစ်စက်စက် ကလေးရေ။ နီးစပ်ရာ ကော်ဖီဆိုင် တစ်ဆိုင်ဆိုင်ကို ချီတက်ကြစို့။

* * *

"သစ် ဘာသောက်မလဲ"

"ကို ကြိုက်တာပဲ မှာလိုက်ပါ"

အံမာ ခုတော့လည်း သစ်တွေ ဝါးတွေ (အဲလေ) သစ်တွေ ကိုတွေနဲ့။ တယ်ဟုတ်နေပါလား။ ငါကွ မျိုးသန့်ကွ။

"ညီလေးရေ စတော်ဘယ်ရီ မစ်ရှိတ် နှစ်ခွက်"

စားပွဲထိုးကလေးကို အဲ့သလို အော်မှာလိုက်ပြီး မျိုးသန့်က မေသစ်ညို ဘက်လှည့်ကာ-

" သစ် စတော်ဘယ်ရီမစ်ရှိတ် ကြိုက်တယ်မို့လား။ စတော်ဘယ်ရီ

www.burmeseclassic.com

www.burmeseclassic.com



က ရိုးမန့်ဆန်တယ်လေ။အထူးသဖြင့် ချစ်သူတွေအတွက် ဓာတ်စာပေါ့"

"အင်း ဟုတ်တယ်၊ ဟုတ်တယ်၊ သစ်လည်း စတော်ဘယ်ရီဆို သိပ်ကြိုက်တာ၊ ပြီးတော့ သူက 'ပြုစားဓာတ်စာ' ဖော်တဲ့ နေရာမှာပဲ သိပ်အသုံးဝင်တာ"

"ဟင် ပြုစားဓာတ်စာ သစ်ဘာပြောတာလဲ"

ဟိုက်. . သွားပြီ။ သည်တော့မှ မေသစ်ညိုတို့ စကားပြောမှား သွားမှန်း သိသည်။

"ဩော် ဟုတ်ပါဘူး၊ ဟိုဟာလေ၊ ညက သစ်ဟယ်ရီပေါ်တာ ကား ကြည့်ထားတာ၊ အဲ. . အဲဒါ အဲ့ဒီထဲမှာ ဟယ်ရီပေါ်တာ မင်းသား ကို စုန်းပညာသင်ပေးတဲ့ စုန်းမကြီးက လူတွေပြုစားတဲ့ 'ပြုစားဓာတ်စာ' ထဲမှာ စတော်ဘယ်ရီကို သုံးရတယ်လို့ ပြောတာကို သတိရသွားလို့ပါ"

"ဟာကွာ. . . သစ်ကလည်း စုန်းတွေ ဘာတွေနဲ့ နိမိတ်မရှိ နမာမရှိ ရှိမန့်မဆန်လိုက်တာကွာ"

"ကဲ. . . ကဲ. . . ကို မကြိုက်ဘူးဆိုလည်း တစ်ခြားဟာပဲပြော တော့မယ်၊ သစ်ကိုကို မေးစရာတစ်ခုရှိတယ်၊ အဲဒါကို မှန်မှန်ဖြေနော်"

"အင်းမေးလေ ကိုယ့်ရည်းစားလေးက မေးတာပဲ မှန်မှန်ဖြေမှာ ပေါ့"

"သစ် ကိုတို့ Gameအဖွဲ့ကို ဟိုပြိုင်ပွဲနေ့တွေကတည်းက ကြည့်ကြည့်နေတာ၊ ကိုတို့ ကစားလိုက်တိုင်း တစ်ခါမှ ရှုံးတယ်လို့ကို မရှိဘူး၊ အမြဲတမ်းလိုလိုကို နိုင်နေတာပဲ။ အဲ့ဒါ ကို့မှာအဆောင်တွေ ဘာတွေရှိလား"

"အင်း. . . အဆောင်ရယ် ဘာရယ်လို့တော့ ထွေထွေထူးထူး



မရှိပါဘူး၊ အဲ. . . အဲ ဒါပေမယ့် ကိုယ့်အဘကြီးက ပြိုင်ပွဲတွေပြိုင်ရင် အဆောင်ဆိုပြီး ဟော့ဒါလေးတော့ ပေးထားတာရှိတယ်"

မျိုးသန့်က ပြောပြောဆိုဆိုနှင့် အဘဇိန်ပေးထားသော 'ရွှေရောင်မောက်(စ်)' ကလေးကို ဘောင်းဘီအိတ်ထဲမှ ထုတ်ပြီး စားပွဲ ပေါ်ကို တင်လိုက်သည်။

ဟင်း. . . ဟင်း. . . ဒင်းရဲ့ဒီအဆောင်ကြောင့် ငါ့ကဝေအစွမ်း တွေထုတ်မရတာကိုး။ ခုတော့ လက်သည်တွေ့ပြီ။ တွေ့ကြတာပေါ့ မျိုးသန့်ရယ်။

ထို 'ရွှေရောင်မောက်စ်' ကလေးကို ကြည့်ပြီး မေသစ်ညိုက မျိုးသန့်ကို တစ်ခုခုပြောမလို့လုပ်တုန်း။

"တွီ. . . တွီ. . . တွီ. . . တွီ"

ထုံးစံအတိုင်း မျိုးသန့်က ဟမ်းဖုန်းကမြည်လာသည်။

"ဟော့ကောင် ဘယ်အလေလိုက်နေတာလဲ၊ ငါ့ဝယ်ခိုင်းတာတွေ ဝယ်ပြီးပလား၊ ငါအစီအရင်လုပ်ဖို့ အချိန်ကအရမ်းနီးနေပြီ၊ ခုချက်ချင်း ပြန်လာခဲ့"

"ဗျာ. . . ဟုတ်၊ ဟုတ်ကဲ့ အဘ"

"ကဲ သစ်ရေ၊ ကိုယ့်အဘက အရေးကြီးလို့တဲ့၊ အဲ့ဒါအခု ချက်ချင်းပြန်မှ ဖြစ်မယ်။ နောက်တစ်ရက်ရက်မှ အေးဆေးတွေ့ကြတာ ပေါ့"

ပြောပြောဆိုဆိုနဲ့ စားပွဲပေါ်က 'ရွှေရောင်မောက်စ်' ကလေးကို ဘောင်းဘီအိတ်ထဲထည့်ပြီး မျိုးသန့်က ဂှမန်းကတမ်း ထွက်သွား သည်။

www.burmeseclassic.com

www.burmeseclassic.com



မေသစ်ညိုတစ်ယောက်ကတော့ ကြိတ်မနိုင်ခဲမရဖြစ်ပြီး ကော်ဖီဆိုင်ထဲမှာ ကျန်ရစ်ခဲ့လေရဲ့။

ဟင်း. . . ဟင်း. . . ထင်းခွေမကြီး ရေခပ်ကြီးမှာပေါ့ မျိုးသန့်ရယ်။

○

(၁၇)

မျိုးသန့် အိမ်ရှေ့ရောက်တော့ တစ်အိမ်လုံး အမွှေးတိုင်နံ့တို့ဖြင့် ထုံအီနေပြီ။ အိမ်ပေါက်ဝ တည့်တည့်မှာတော့ အဘဇိန်။

"ဟေ့ကောင် မြန်မြန်လာ၊ အချိန်က ကပ်နေပြီ"

ကားပေါ်ကဆင်းပြီး မှာလိုက်တဲ့ပစ္စည်းတွေကိုလည်း ပေးလိုက်ရော အဘဇိန်တို့က သူ့အစီအရင်ကို စလုပ်ပြီ။ သူ့အစီအရင်ကလည်း ကြည့်ဦး။ ဘုရားစင်မှာလည်းမဟုတ်၊ ဧည့်ခန်းထဲမှာ။ ပြီးတော့ သူများတွေလို ကန်တော့ပွဲတွေဘာတွေလည်းမထိုး။ အမွှေးတိုင် တစ်တိုင်သာ ထွန်းထားသည်ကို တွေ့ရသည်။ ပြီးတော့ ကက်ဆက် တစ်လုံး။ အမွှေးတိုင်ရဲ့ ပတ်ပတ်လည်မှာလည်း Lap Top သုံးလုံးကို တန်းစီပြီးချထားသည်။ အံမယ် အံမယ် သူ့ရဲ့Lap Top တောင်အဆစ်ပါလိုက်သေး။

"ရော့. . . ဒါ အဘ မှာလိုက်တဲ့ဟာတွေ"

အဲ့သလိုပြောပြီး မျိုးသန့်က ဘရစ်တနေစပီးသားအခွေနဲ့ ပီဇာကိုပေးလိုက်တော့ အဘဇိန်က ကမန်းကတန်းယူပြီး အမွှေးတိုင်

www.burmeseclassic.com



ထွန်းထားတဲ့ရှေ့မှာ ပီဇာကို ပန်းကန်ပြားတစ်ချပ်နဲ့ သသေချာချာထည့် ပြီးတော့ လက်ကကိုင်၊ ပါးစပ်ကလည်း ပွစိပွစိနဲ့ ဘာတွေရွတ်နေ မှန်းမသိ။ အဲ့သလိုလုပ်ပြီးရော ဘရစ်တနေစပီးယားအခွေကို ကက်ဆက် ထဲ ထည့်ဖွင့်ပြီး ဖွင့်သည်။ ဘရစ်တနေစပီးယား၏ ချိုနွဲ့နွဲ့ ချွဲပျစ်ပျစ် အသံက ပတ်ဝန်းကျင်မှာ ဝေ့လို့ဝဲလို့။ အဲ့သလို သီချင်းဖွင့် ထားတုန်း လက်တော့ပ်တစ်လုံးချင်းရှေ့ကိုသွားပြီး ဘာတွေ အလုပ်ရှုပ်နေမှန်းမသိ။ CDတွေလည်း ထုတ်လိုက် သွင်းလိုက်နဲ့။ အဲ့. . . အဲ့သလိုနဲ့ ငါးမိနစ် လောက်လည်း ကြာရော အဘဖိနိ်တစ်ယောက်'ဝူး'ဆိုတဲ့ သက်ပြင်းရှည် ကြီးချပြီး Lap Top တွေထဲက CDတွေကို လိုက်ထုတ်နေတာ တွေ့ရ တယ်။ Lap Topက သုံးလုံးဆိုတော့ CDက သုံးချပ်ပေါ့။ ဒီတော့မှ မျိုးသန့်ကလည်း။

"အဘ အဲ့ဒါဘာလုပ်နေတာလဲ။ အဘအစီအရင်ကလည်း ဘရစ်တနေစပီးယားတွေရော Lap Topတွေရော ပီဇာတွေရော ရှုတ်နေ တာပဲ"

"အေး. . . အစီအရင် အောင်မြင်သွားလို့ တော်သေးတာပေါ့ မင်းနောက်ကျနေတာလေ။ နက္ခတ်အချိန်က ကပ်နေတာ ငါ့မှာ မနည်းမှီ အောင် လုပ်လိုက်ရတယ်"

"နေပါဦး၊ အဘဟာက သူများတွေလို နတ်သီချင်းတွေ ဖွင့်ကန် တော့ပွဲတွေမပေးဘဲ ဘရစ်တနေစပီးယားသီးချင်းဖွင့်ပြီး ပီဇာတင်ရ အောင် အဘနတ်က ဘာနတ်လဲဗျ"

"ဗီးနပ်စ်လေကွာ"

"ဗျာ. . . ဗီးနပ်စ်"



"အေး အချစ်နတ်သမီးVenus လေကွာ ။ သူက နိုင်ငံခြားနတ် Foreign God ဆိုတော့ နတ်သီချင်းတွေဖွင့်၊ ပွဲပေးလို့ ဘယ်ရမလဲကွ ဘရစ်တနေစပီးယားတို့ ပီဇာတို့နဲ့မှ အဆင်ပြေမှာပေါ့"

"ဒါဆို အဘအစီအရင်က ဘာအတွက်လဲ"

"ဟ. . . အချစ်နတ်သမီးပါဆိုမှ ဘာအတွက်ရှိရမလဲကွ။ ပီယ အတွက် ပီယအတွက်။ "ဝါးတီးတစ်ထောင်" ကုမ္ပဏီက MDဦးဘိုဘိုကို သိတယ် မို့လား။ အေး. . . သူ့အတွက်။ သူ့အတွက်။ သူကလည်း ကြာသပတေးသားဆိုတော့ ကြာသပတေးနံ ဗီးနပ်စ်ကို ကြာသပတေးနံ ဘရစ်တနေ စပီးယားတို့ ပီဇာတို့ဆက်ထားတာ နေ့သင့်နံသင့်ပေါ့ကွ"

"ဟား. . . ဟား ဒီအနိ်ကယ်က်ကြီးက ပီယအဆောင်တောင်း တယ်။ အသက်ကဖြင့် ငါးဆယ်ကျော်လို့ ခြောက်ဆယ်နား ကပ်နေပြီ။ အင်းအဲ့ဒါကတော့ ဟုတ်ပါတယ်။ အဘ အစီအရင်လုပ်တဲ့ အဆောင် က ဘယ်မှာလဲ"

"ဟ. . . ဒီမှာလေကွာ၊ CDခွေတွေ မတွေ့ဘူးလား။ ခုန ဘရစ် တနေစပီးယားသီချင်းတွေကို (Record)လုပ်ထားတာ။ ကက်ဆက်က နေ Lap Topတွေက (Record)လုပ်ပြီးတစ်ခါတည်း CDခုတ်လိုက်တာ။ အဲ့ဒါ ပီယအဆောင်ပဲ"

"အဘဟာက တစ်ခွေတည်းလည်းမဟုတ်ဘူး။ သုံးခွေတောင်"

"အေးလေကွာ၊ ဦးဘိုဘို ချိန်နေတဲ့ မဒီလေးတွေက သုံးယောက် တောင်"

"ဗျာ. . ."

www.burmeseclassic.com

www.burmeseclassic.com

○

(၁၈)

ဒီနေ့တော့ မေသစ်ညိုက ရှော့ပင်ထွက်ချင်တယ်ဆို၍ ယု
ပလာဇာကို မျိုးသန့်လိုက်ပို့ပေးဖြစ်သည်။ သူတို့၏ သမီးရည်းစားဘ
ပထမဆုံး ရှော့ပင်ခရီးပေါ့။ တကယ်တော့ မျိုးသန့်က ယောကျ်ားလေ
ပီပီ ရှော့ပင်ထွက်တာတို့၊ ရှော့ပင်ထွက်ရင်း သူများနောက်ကလိုက်တာ
တို့ကို နည်းနည်းမှ စိတ်ရှည်သည်မဟုတ်၊ တစ်ခါတစ်ခါ သူ့အဒေါ်
အပျိုကြီးတွေ ရှော့ပင်ထွက်တဲ့နောက်ကို အဘဇိန်ရဲ့ တစ်ချက်လွှတ်
အမိန့်အရ လိုက်ဖူးသည်။ လား. . . လား အပျိုကြီးတွေက ရှော့ပ
ထွက်ရင်တော့ တစ်နေ့သာ ကုန်ပြီမှတ်။ အားလုံးစာရင်းချုပ်တော့
ဝယ်တဲ့ပစ္စည်းက ပိစိကွေးလေး။ တစ်ဆိုင်ပြီးတစ်ဆိုင်လျှောက်ကြည့်
ဈေးဆစ်တာက ပလာဇာတစ်ခုလုံး Up and down ခေါက်တုံ့ခေါက်ပြ
တစ်နေကုန်။ ဒါကလည်း သူတို့လူမျိုး တွေရဲ့ အားနည်းချက်လားမသိ
သူတို့နိုင်ငံရဲ့လုပ်ခလစာ (Payroll System)ကလည်းသူများနိုင်ငံတွေ



သို့ နာရီ (Per Hour)လိုက်ပေးတာမျိုးမဟုတ်။ တစ်နေ့ ဘယ်နှစ်နာရီ
လုပ်လုပ် အချိန်တန်လကုန်ရင် လစာဒီလောက်ရမယ်ဆို။ အဲ့ဒီအတိုင်း
ပြီးသား။ အဲ့ဒီထက် ပိုမရသလို လျော့လည်းမရ။ ဒါကြောင့်မို့သူ
တို့လူမျိုးတွေက ဟိုစာရေးဆရာကြီး တစ်ယောက်ပြောခဲ့သလို 'အချိန်
သူဌေးကြီး' တွေ့ပေါ့။

မျိုးသန့်တစ်ယောက် အဲ့သလို အတွေးကောင်းနေတုန်း
မေသစ်ညိုက-

"ကို တစ်ယောက်တည်း ဘာတွေတွေးနေတာလဲ"

"ဟို. . . ဟို. . . ဟိုနားက အဝါရောင်အင်္ကျီလေးဆို သစ်နဲ့
လိုက်မလားလို့ တွေးနေတာပါ။

ဟီး. . . ဟီး တစ်ခါတစ်လေ အမှန်အတိုင်းပြောတိုင်းလည်း
ကောင်းတာ မဟုတ်ဘူးဗျ။ မုသားဖြူ (White Lie)ဆိုတာတောင်ရှိ
သေးမို့လား။ အခြေအနေ အချိန်အခါပေါ် မူတည်ပြီး တစ်ခါခါမုသား
ဟာ အမှန်တရားထက် အစွမ်းထက်သဗျ။ ဟဲ. . . ဟဲ ဟိုပညာရှိကြီး
တစ်ယောက် ပြောခဲ့သလိုပေါ့။ 'အမှန်တရားဟာ ဘယ်တော့မှ မကျဆုံး
ဘူး။ ဒါပေမဲ့ လောလောဆယ်တော့ အားနည်းနေသေးတယ်'တဲ့။

"ဒါနဲ့ သစ်ကို ဟိုတစ်နေ့ကပြတဲ့ ရွှေရောင်မောက်စ် ကလေး
ရော ချစ်စရာလေးမို့ သစ်ထပ်ပြီးကြည့်ချင်လို့"

" ဟာ. . . အဲ့ဒါလေးလား ဒီနေ့ဘာပြိုင်ပွဲမှ ပြိုင်စရာမှ မရှိ
ဘာ၊ သစ်ရယ် အိမ်မှာထားခဲ့တယ်။ သစ်ကြည့်ချင်ရင် နောက်နေ့မှ
ကိုယူ လာပေးမယ်လေ"

"ရပါတယ် ကိုရယ် သိပ်အရေးမကြီးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟင်း. . . ဟင်း ဒင်းမှာ ဒီနေ့ အဆောင်လေး မပါဘူးတဲ့၊ ဒါဆို ငါ့ကဝေအစွမ်း ထုတ်လို့ရပြီ။ တွေ့ကြပြီပေါ့ မျိုးသန့်ရယ်၊ ကဲ. . . လောလောဆယ် ငါ ကဝေအစွမ်းကို အစမ်းလေ့ကျင့်လိုက်ဦးမယ်။ လာလေရော့။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ မေသစ်ညိုက ဘေးနားမှာရှိတဲ့ အလှဖန်တီးရှင် သွပ်ပြားတစ်ယောက်ကို လက်ညှိုးကလေး နှင့် ထိုးလိုက်သည်။ အဲ့ဒီ အဲ့ဒီခဏကလေး အတွင်းမှာပဲ ထိုသွပ်ပြားမမ၏ ခေါင်းပေါ်မှ ဆံပင်တုက ဘေးနားမှာရှိတဲ့ ရက်ပါစတိုင် ဝတ်စုံအပြည့်နဲ့ကောင်လေး တစ်ယောက်ရဲ့လက်ထဲကို ရောက်အသွား။ ကောင်လေးခမျာခုနက သူ့လက်ထဲမှာ ဟန်ပါပါ စတိုင်လ်အပြည့်နဲ့ ကိုင်ထားတဲ့ ရပ်ပါဦး ထုပ်နေရာမှာ ဆံပင်တုကြီး ရောက်လာတာကို တအံ့တသြနဲ့ ကြည့်နေတုန်း။

"ဟယ်. . . ဘယ်လိုလုပ်လိုက်တာလဲ၊ ဟဲ့ကောင်လေး လက်က သရမ်းလှချည်လားဟဲ့"

"ဟာ. . . မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒါကြီးက သူ့ဘာသာသူ ကျွန်တော်လက်ထဲ ရောက်လာတာ"

"ဘာ. . . သူ့ဘာသာသူ ရောက်လာတာလဲ။ လက်ပူးလက်ကြပ်မိနေတာတောင် မုန်လာဥလုပ်ချင်သေးတယ်။ တမင်သက်သက် ဇာတ်လမ်းရှာတာ မသိဘူးများ မှတ်နေလား။ ဟင်းဟင်း အဆင်လေးမို့ ခွင့်လွှတ်လိုက်မယ်"

အဲ့သလို အဲ့သလို ပဋိပက္ခတွေဖြစ်နေတုန်း မျိုးသန့်နဲ့ မေသစ်ညိုတို့စုံတွဲကတော့ ဘာမှမသိလိုနဲ့ ဆိုင်တစ်ဆိုင်ထဲကို အေးအေး



ဆေးဆေး ဝင်သွားကြသည်။ သူတို့ဝင်သွားတဲ့ဆိုင်က

*Romanson*
*Show Room...*

မေသစ်ညိုက နာရီတွေကို တစ်ခုပြီးတစ်ခု လျှောက်ကိုင်ကြည့်နေ၍ မျိုးသန့်တစ်ယောက်နောက်ကနေ စိတ်မရှည်စွာ လိုက်နေရသည်။

"ကို ဒါလေး လှလားဟင်"

"အင်း. . . အင်း. . . အင်း"

အဲ့သလိုနှင့် ထောင့်ဆုံးကောင်တာကို ရောက်တော့ မေသစ်ညိုက နာရီလေးတစ်လုံးကို ကောက်ကိုင်လိုက်သည်။ ပုံစံလေးတခပ်မိုက်မိုက် Latest Model.

"ဒါလေးကော လှလားဟင်"

"အင်း. . . မဆိုးဘူး"

မျိုးသန့် ပါးစပ်က အဲ့သလိုပြောရုံပဲ ရှိသေးသည်။ သူ့ မျက်စိတစ်ခုလုံး မှောင်မိုက်ကာ ဘာဖြစ်သွားမှန်းမသိ။ အဲဒါနဲ့ ကမန်းကတမ်း မျက်လုံးကို အတင်းပြန်ဖွင့်ကြည့်တော့။

သူ့ဘေးနားမှာ မေသစ်ညိုက မရှိတော့။ မေသစ်ညို အစားသူ့ဘေးနားရောက်နေတာက ဆိုင်ရှင်တရုတ်ကြီး။

"ဟေ့ကောင်လေး မင်းကရုပ်ကလေး သနားကမားနဲ့ထင်တောင် မထင်ရဘူးနော်။ အံမာ အံမာ ခါးမှာလည်း ဟမ်းဖုန်းက ချိတ်ထားသေး"

"ဗျာ. . . ဘာ. . . ဘာဖြစ်လို့လဲဗျ၊ ဘာတွေပြောနေတာလဲ"

"အံမာ မင်းက လက်ပူးလက်ကြပ်မိတာတောင် ပြောင်ငြင်းနေ

www.burmeseclassic.com



သေးတယ်။ ဒီမှာ မင်းဘောင်းဘီအိတ်ထဲကတွေ့တဲ့ တို့ဆိုင်ကနာရီ မင်း ပိုက်ဆံမရှင်းဘဲ လစ်သွားဖို့ကြိုးစားတာလေ၊ ကဲ. . . ဘာပြောချင်သေးလဲ"

"ဟာ. . . မဟုတ်တာဗျာ၊ ကျွန်တော့်ချစ်သူနဲ့ ကျွန်တော် နာရီတွေ လျှောက်ကြည့်နေတာဗျ"

"ဘာချစ်သူလဲ၊ ကဲ. . . ဒါဆို ဘယ်မလဲ မင်းချစ်သူ"

"အေး. . . အဲ့ဒါပဲ ကျွန်တော်စဉ်းစားနေတာဗျ၊ သူဘယ်ရောက် သွားသလဲ မသိဘူး"

"ဒီမှာ ဟေ့ကောင် ဘာမှ အရှုပ်ကွက်လာနင်း မနေနဲ့ လာ ရဲစခန်း သွားမယ်"

"ဟာ. . . ဟာဗျာ အဲ့သလိုတော့ မလုပ်ပါနဲ့၊ ကျွန်တော် မိကောင်းဖခင် သားသမီးပါ။ ဒီနာရီလောက်ကတော့ ဝယ်နိုင်ပါတယ်၊ ဒီတော့ ဒီလိုလုပ်ဗျာ၊ ဒီနာရီကို ကျွန်တော်ဝယ်လိုက်မယ်။ ဒီလိုဆို ကိစ္စပြတ်တယ်မို့လား"

"အေး အဲ့သလိုဆို မဆိုးဘူး၊ ငါလည်း ရဲစခန်းတွေရောက်၊ ဘာရောက်နဲ့ အလုပ်မရှုပ်ချင်ဘူး"

"အိုကေ ဒါဆိုအဆင်ပြေပြီ၊ အဲ့ဒီနာရီက ဘယ်လောက်လဲ"

"၈ သိန်းခွဲ"

"ဗျာ. . . ဟာ ကျွန်တော်မှာ အဲ့သလောက် ပိုက်ဆံတော့မပါဘူးလေဗျာ၊ ရိုးရိုး Shopping ထွက်လာတာဆိုတော့ အိတ်ထဲမှာ တစ်သိန်းနှစ်သိန်းလောက်ပဲ ပါတာပေါ့"

"ဒီမှာဟေ့ကောင် ဘာမှဝေ့လည်ကြောင်ပတ်တွေ လာလုပ်မနေနဲ့ ဒါဆိုရင် Go ပေတော့ရဲစခန်း"



၀

"ရက်စက်တဲ့ ဗီးနပ်စ်ရေ...

မင်းရဲ့ကြာပွတ်က ခရမ်းရောင်စုးသွားတွေ

တလျှမ်းလျှမ်း စူးရှခဲ့။

ဘုရားရေ

ငါ့ရဲ့ဗီးနပ်စ်လေးက

ဘယ်တုန်းက ကြာပွတ်ရိုက်တတ်သွားတာလဲ၊

မွှတ်နေအောင် ရိုက်လိုက်စမ်းပေါ့ ဗီးနပ်စ်ရေ၊

လျှာတတဲ့ စူးမျှင်တွေကြားက

မင်းရဲ့အသည်းနှလုံးကို

ငါတယုတယ ခင်းကျင်းချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

(၁၉)

"ကောင်းကြသေးရဲ့လား ဟင် ကောင်းကြသေးရဲ့လား လောကီမဟိဒ္ဓိဂမ္ဘီရဆရာကြီးဆိုပြီး တစ်သက်လုံး နာမည်တစ်လုံးနဲ့ နေလာတာ။ မင်းနဲ့ကြမှကွာ ရဲစခန်းရောက် ဘာရောက်နဲ့"

"ဟာ. . . အဘကလဲ"

"ဘာ. . . ဟာ. . . အဘကလည်းလဲ။ ဘယ့်နှယ်ကွာ၊ ရဲစခန်းရောက်တာတောင် မသကာသူများတွေလို ရန်ဖြစ်တာတို့၊ လူရိုက်တာတို့ဆိုတော်သေး၊ ခုတော့ နာရီခိုးမှုတဲ့။ ကောင်းကြရော၊ ကောင်းကြရော"

"ဟာဗျာ. . . အဘကလဲ သူငယ်ချင်းတွေ နောက်ရင်း ပြောင်ရင်းက ဖြစ်သွားတဲ့ဟာပါလို့ ပြောပြီးပြီပဲ"

"အေး. . . မင်းတို့ကပြောတော့ နောက်ရင်း ပြောင်ရင်း ဒီမှာ ငါ့သိက္ခာတွေကျတာက ရစရာကို မရှိတော့ဘူး"



"ဟင်. . . ရစရာရှိရအောင် အဘက ဘယ်သူ့ကို ပိုက်ဆံချေးထားလို့လဲ၊ ဩော်. . . ဟိုကိုကြီးကျော်ကိုလား။ ဒါကြောင့် ဒီလူ့ကို ကျွန်တော် ပြောတယ်ဗျာ။ ကြက်တွေ သိပ်မတိုက်ပါနဲ့လို့"

"ဟာကွာ မင်းနော် ဟင်းဟင်း"

"တော်ပြီ အဘရာ၊ စိတ်ညစ်လာပြီ၊ ဂိမ်းပဲ သွားဆော့တော့မယ်"

"ဟာ. . . ဟေ့ကောင် နေဦး နေဦး ဒီမှာ၊ မင်းကို ငါခုတလော သတိထားမိနေတာကြာပြီ၊ မင်း ပုံမှန်ကို မဟုတ်ဘူးပြီးတော့မင်းကိုယ်က ထူးဆန်းတဲ့ အနံ့တစ်ခု ရရနေတယ်။ ငါ့ကို မှန်မှန်ပြောစမ်း မင်းဘာတွေလုပ်နေတာ"

"ဟာ. . . ဘာမှမလုပ်ပါဘူး အဘရာ၊ ကျောင်းသွားတယ်၊ သူငယ်ချင်းတွေနဲ့ ဂိမ်းဆော့တယ်၊ လျှောက်လည်ကြတယ် ဒါပါပဲ"

"အေး. . . ရှုတ်ရှုတ်တော့ မလုပ်နဲ့နော်၊ နောက်တစ်ခါ ခုလိုဖြစ်လို့ကတော့ ကားနဲ့ဟမ်းဖုန်း ပြန်သိမ်းပြီမှတ်"

○

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

ည၏ ပျိုမြစ်ခြင်းအောက်တွင် မေသစ်ညိုတစ်ယောက် ဒွိဟ ဝေဒနာကို စူးရှစွာ ခံစားနေရသည်။ ခုအတိုင်းဆို အာဃာတတွေခြုံ ထားတဲ့ ညချမ်းတွေကို သူမ ဘယ်လိုဖြတ်သန်းရမလဲ။ ဟံမာမင်း ခက်လှပါဘိ။

ဒီနေ့ သူမ လုပ်ခဲ့တာ အရမ်းများ လွန်သွားပြီလား။ သူ့ခမျာ ရဲစခန်းတွေဘာတွေတောင် ရောက်တယ်ဆိုပဲ။ တကယ်ဆို သူတို့ အဖွဲ့ကို သူမတို့ Game ပြိုင်ပွဲမှာ ရှုံးခဲ့တာကို ပြန်စဉ်းစားကြည့်ရင် သူတို့ဘက်မှ ဘာမှကောက်ကျစ်ယုတ်မာခဲ့တာမရှိ။ သူမတို့ကသာ လက်ရည် မယှဉ်နိုင်လို့ ရှုံးခဲ့ရတာ။ အဲ့သလိုပဲ။ သူ စိန်ခေါ်ခဲ့သည့် ပွဲမှလည်း သူ့ဘက်က ရိုးရိုးသားသား။ 'ရွှေရောင်မောက်စ်'လေး တစ်ခုကိုပဲ ဘာမှမသိဘဲ ဆောင်လာခဲ့တာလေးပဲရှိတာ။ ဒါကို သူမက ဘာဖြစ်လို့ အာဃာတတွေ သည်လောက်တောင် ထားချင်နေတာ ပါလိမ့်။ဘုရားရေ ဟိုကောင်မတွေပြောသလို သူမ ဇာတ်လမ်းတွေ စချင်နေပြီလား။



သူမ ဖတ်ဖူးတဲ့ စာကြောင်းလေးတစ်ကြောင်းရှိတယ်။ ဘာတဲ့

"Love concedes in a moment what we can hardly attain by effort after year of tail "တဲ့။

"ကျွန်တော်တို့ နှစ်ပေါင်းများစွာ ကြိုးစားပေမယ့် မရနိုင်တာကို အချစ်က ခဏတွင်းချင်း ပေးအပ်ပါတယ်" တဲ့။ ကဲ. . . ဘယ်လိုလဲ မိသစ်ညို၊ နင်ရော နှစ်ပေါင်းများစွာ မရခဲ့တာကို အခုလိုချင်နေပြီလား။

နောက်ဆုံးတော့ သူမ ဘယ်လို အားတင်းတင်း မရတော့။ အချစ်နတ်ဘုရား၏ ခြေတော်ရင်းအောက်ကို တုတ်ဝပ် ခစားခဲ့ရသည်။

ကောင်လေးရေ။

နင့်ကို ငါသိပ်ချစ်သွားမိပြီကွယ်။

ဝ

www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေးရေ
နင့်ကို ငါ သိပ်ချစ်သွားမိပြီ။
ရာဇဝင်ထဲက
အမုန်းကြွေးတွေကို
အဆုံးမစီရင်လိုက်ပါနဲ့၊
အရိုးတောင်ရဲ့နေ့ပြန်တိုးလို။
အတိုးအထပ်ထပ်နဲ့ အတိုးအရင်းပေါင်းပြီး
နင်နဲ့ရင်ခွင်ထဲမှာ
ငါမကြေတမ်းဆပ်ချင်လို့ပါ"

## (၂၁)

'မေသစ်ညို' တစ်ယောက် မျိုးသန့်ကို ဒီကနေ့ ချိန်းသာ ချိန်းလိုက်ရသည်။ လာတောင်လာပါ့မလား မသိ။ ဟိုတစ်နေ့က ကိစ္စကို စိတ်တိုပြီး သူ့အပေါ် စိတ်အနာကြီး နာသွားပြီလား။ ဒီလိုဆိုရင်တော့ အခက်။

လှည်းတန်းမှာရှိတဲ့ Mr.Brown ကဖီးက ဝါကျင့်ကျင့် မီးလုံးလေးများရဲ့ အလင်းဖြာ လက်တံတွေကတော့ သူမကို ချိုမြစွာ ထွေးပွေ့ထားပေးသည်။ ချစ်သူရဲ့လက်အစုံကရော သူမကို ထွေးပွေ့လာပါ့မလား။

အဲ့သလို သူမတစ်ယောက်တည်း စိတ်ကူးတွေနဲ့ ချောက်ချားနေတုန်း ဖြူနုံးဆို Mr.Brown ရှေ့ကို ကားလေးတစ်စီး ထိုးရပ်လာတာကို တွေ့ရတယ်။ ကားပေါ်က ဆင်းလာသူက 'မျိုးသန့်'။

"ဟေး. . . ဟန်နီ၊ စောင့်နေရတာ ကြာပြီလား"

"မကြာသေးပါဘူး ကိုရယ်၊ သစ်က ကို လာမှလာပါ့မလား ဆိုပြီးစိုးရိမ်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် သစ်က ချိန်းတာပဲကွာ၊ ကို ဘာဖြစ်လို့မလာရမှာလဲ"

"ဟိုနေ့က ကိစ္စအတွက် သစ်ကို နည်းနည်းမှ စိတ်မဆိုးဘူးလား"

"ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲကွာ၊ ကိုယ့်ချစ်သူလေးက ကိုယ့်ကိုချစ်လို့ ကျီစယ်တာပဲ။ ဟုတ်တယ်မို့လား၊ ဟီးဟီး ဒါပေမယ့် သစ်ကျီစယ်တာ နည်းနည်းကြမ်းသွားလို့ ရဲစခန်းလောက်လေးပဲ ရောက်သွားရုံရှိတာ ဟဲဟဲ"

ဘုရားရေ။ ကိုက သူ့ကို အဲ့ဒီနေ့ကကိစ္စအတွက် နည်းနည်းကလေးမှ စိတ်မဆိုးဘူးတဲ့။ ကို့ခမျာ ဘာမှမသိ၊ သူမကို ဖြူဖြူစင်စင်လေး ချစ်နေရှာတာ။ ဒီဇာတ်လမ်းမှာ လျှာနှစ်ခွနဲ့ မြွေဟောက်မကြီးဖြစ်နေတာ နင်တစ်ယောက်ပဲရှိပါလား။ မိသစ်ရဲ့ ။ ဟံမာမင်း၊ ကိုယ့်မိုက်ပြစ်တွေကို ကိုယ်ခံပေးဦးတော့။

"ဟီး ဟုတ်တယ်၊ ဟုတ်တယ် သစ်က ကိုယ့်ကို နောက်လိုက်တာ၊ အဲ့သလောက်အထိ ဖြစ်သွားမယ် မထင်ဘူး "

"ရပါတယ် သစ်ရယ်၊ Minor Case ပါ၊ အိမ်က ဘိုးတော်ကြီးကတော့ ရဲစခန်းထိ လိုက်ထုတ်ရလို့ နည်းနည်းပါးပါး ပူညံပူညံလုပ်တာပေါ့၊ ဒါပေမဲ့ အေးဆေးပါ"

"ဒါဆို ကို သစ်ကို တကယ် လုံးဝလုံးဝ စိတ်မဆိုးဘူးနော်"

"ဟောဗျာ. . . ဒုက္ခပါပဲ၊ လုံးဝလုံးဝ စိတ်မဆိုးပါဘူးဆို၊ ကဲဒီမှာကြည့်လုံးဝ စိတ်မဆိုးတဲ့အကြောင်း evidence သက်သေ"

စကားပြောရင်းနဲ့ မျိုးသန့်က သူ့အိတ်ထဲမှာနေ၍ ကတ္တီပါဘူးကလေးတစ်ခုကိုထုတ်၍ မေသစ်ညိုလက်ထဲကို ထည့်ပေးလိုက်သည်။



ဖွင့်ကြည့်လိုက်တော့ အရည်လဲ့ပြီး တောက်ပနေသည့် ပလက်တီနမ်လက်စွပ်လေးတစ်ကွင်း။ ထိုလက်စွပ်ကလေးကို ကြည့်ပြီး မေသစ်ညိုတစ်ယောက် မျိုးသန့်ကို ပိုချစ်မိသွားသည်။ ထိုစဉ် မျှော်လင့်မထားသော ဖြစ်ရပ်လေးတစ်ခုက သူတို့နှစ်ယောက်၏ ကမ္ဘာလေးထဲကို ခလုပ်ဝင် တိုက်လာသည်။

သူတို့ စားပွဲခုံဘေးနားက ဖြတ်သွားသော ကောင်လေးတစ်ယောက်ကိုင်လာသော ကော်ဖီခွက်က မျိုးသန့်၏ပခုံးပေါ် တည့်တည့်သို့ ကျတ်အကျ မေသစ်ညိုက လျှင်မြန်စွာလက်ညှိုးကလေးနှင့် ထိုးလိုက်မိသည်။ ထိုအခါ ကော်ဖီခွက်လေးခမျာ Direction ပြောင်းပြီးကြမ်းပြင်နှင့် တိုက်ဆက်အသွား ထိုကောင်လေးကတော့ အဲ့ဒီအဖြစ်ကို ကြည့်ပြီး တအံ့တသြနှင့် ခေတ္တကြောင်နေပြီးမှ ပျာပျာသလဲနှင့် မျိုးသန့်ကို တောင်းပန်သည်။

"ဟာ. . . ဆောရီးနော် အစ်ကို မတော်လို့"

ထိုဖြစ်ရပ်တွေအားလုံးက မျိုးသန့်၏ နောက်ကျောဘက်တွင် ဖြစ်ပျက်သွားခြင်းဖြစ်၍ မျိုးသန့်က ဘုမသိဘမသိနှင့်။

"ဟ. . . အစ်ကို့ကို တောင်းပန်ရအောင် ညီလေး ကော်ဖီခွက်က ကြမ်းပြင်ပေါ်ကို မှောက်ကျသွားတာလေ၊ ကိုယ်နဲ့ဘာမှမဆိုင်ပဲ"

မျိုးသန့်က ထိုသို့ပြန့်ပြောတော့ အဲ့ဒီကောင်လေးကလည်း ကြောင်တောင်တောင်နဲ့။

"ဟာ. . . ဘာပဲဖြစ်ဖြစ် ဆောရီးပဲ အစ်ကိုရာဆောရီး ဆောရီး"

ထိုသို့ပြောရင်းခပ်သုတ်သုတ် လစ်ထွက်သွားသော ကောင်လေး၏ နောက်ကျောပြင်ကိုကြည့်ရင်း သူတို့နှစ်ယောက် ပြိုင်တူ

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောမိကြသည်။

"ဘယ်လိုကောင်လေးလဲ မသိဘူးကွာ၊ ကြောင်တောင်တောင်နဲ့"

○

(၂၂)

လှည်းတန်းရှိ Mr.Brown မှာ ငြိမ်းချမ်းရေးရသွားသော ချစ်သူနှစ်ယောက်ကတော့ ငြိမ်းချမ်းရေးရသွားသော ချစ်သူစုံတွဲတို့၏ ထုံးစံအတိုင်းအနီးစပ်ဆုံးမဟာဗျူဟာဒေသ (Strategic Location) ဖြစ်သည့် အင်းလျားကန်ပေါင်ဆီသို့ ချီတက်ကြလေတော့သည်။ မှုန်ညိုညိုအင်းလျားပျိုကတော့ ချစ်သူစုံတွဲတို့ကို နွေးထွေးစွာ ကြိုဆိုနေဆဲ။

အင်းလျားရေပြင်ရှိ နဒီလှိုင်းတို့က ဟိုမှသည်သို့ နော့နေကြသည်။ အပွင့်ကားကားထီးရိပ်၏အောက်တွင်တော့ သူတို့စုံတွဲ နှစ်ယောက်။

"သစ်. . . ကို့ကို ချစ်လား"

"ချစ်တာပေါ့ ကိုရယ်၊ ကိုရော သစ်ကို တကယ်ချစ်လို့လား"

"ချစ်သမှ ချစ်. . . ချစ် ချစ်လို့တောင် မြည်သေး"

"ဒါဆို သစ် ကို့ကို ဝန်ခံစရာတစ်ခုရှိတယ်၊ အဲ့ဒါကို ကြားရင်ကိုသစ်ကို ခွင့်လွှတ်နိုင်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ပြောမှာသာ ပြောပါသစ်ရယ်၊ လောကမှာ အချစ်ဆိုတဲ့ အရာက အရာရာကို ခွင့်လွှတ်ပြီးသား"

မျိုးသန့်က အဲ့သလိုပြောနေတုန်း ဘယာကြော်ရောင်းတဲ့ ကုလားကြီးတစ်ယောက် အနားရောက်လာပြီး။

"ဟေး ကန်ကလေး ဒီကခေါ်တယ်နော်၊ ဘယ်လောက် ဖိုးယူမလဲ"

"ဟာဗျာ ဘာတွေလာပြောနေတာလဲ၊ ခင်ဗျားကို ဘယ်သူမှ မခေါ်ဘူး"

"ဒီမှာနော် ကန်ကလေး ရုပ်ကလေး သနားကမားနဲ့ ပြောင်လိမ် ပြောင်စားမလုပ်နဲ့၊ ခုနပဲ ကန်ကလေး ပါးစပ်က အားယားယားလို့ ခေါ်လိုက်ပြီးတော့ အားယားယားဆိုတာ ကျုပ်နာမည်ပဲ"

"ဟာ. . . ဘယ်က အားယားယားကမှာလဲဗျာ၊ အရာရာပါဗျာ အရာရာပါ၊ ကဲပါဗျာ ထားပါတော့၊ ကဲ. . . ကဲ ခင်ဗျားဘယာကြော် နှစ်ထုပ်ပေး"

"အဲ့သလို ပြေပြေလည်လည်လုပ်ပါ ကန်ကလေးရယ် ကုလားနော် ညှိနှိုင်းရင် အားလုံးအဆင်ပြေတယ်"

ဒီလိုနဲ့သူတို့နှစ်ယောက်လည်း ဘုမသိ ဘမသိနဲ့ ဘယာကြော် တစ်ယောက်တစ်ထုပ်ကိုင်ပြီး ခုနစကားကို ဆက်ကြသည်။

"ဒါ. . . ဒါဆို သစ် ပြောမယ်နော်"

"ဩော်. . . ပြောပါဆို သစ်ရယ်၊ ဘာဖြစ်လို့ စကားပလ္လင်တွေ ဒီလောက်တောင် ခံနေရတာလဲ"

"သေချာနားထောင်နော် ကို၊ တကယ်တော့ သစ်က လူမဟုတ်



ဘူး"

"ဟား. . . ဟား. . . ဟား ဒါများ သစ်ရယ်၊ သစ် လူမဟုတ်တာ ကိုနဂိုတည်းက သိပြီးသားပဲ"

"ဟင်. . . နဂိုတည်းက ကို သိတယ်"

"အင်းလေ သစ်ကလူမှမဟုတ်ဘဲ နတ်သမီးလေးပဲဟာ၊ ဟော့ဒီက မျိုးသန့်ဆိုတဲ့ ကောင်လေးရဲ့ အချစ်နတ်သမီးလေးပဲဟာ"

"ဟာ. . . ကို သစ်နောက်နေတာ မဟုတ်ဘူး၊ အတည် ပြောနေတာ၊ သစ်က စုန်းမလေး၊ သစ်တို့က တကယ်ကဝေမျိုးရိုးတွေ"

"ဟားဟား. . သစ်က စုန်းမလေးဆို ကိုကလည်း စုန်းထီးလေး ပေါ့"

"ဩော်. . . ကိုက မယုံဘူးပေါ့၊ ကဲ ဒီမှာကြည့်"

ပြောရင်းဆိုရင်းနဲ့ မေသစ်ညိုတစ်ယောက် စိတ်မရှည် ဖြစ်လာ ကာသူတို့ထိုင်နေသည့် ထိုင်ခုံဘေးရှိ သစ်ကိုင်းတစ်ခုကို လက်ညှိုးနှင့် ထိုးလိုက်သည်။ ထိုသစ်ကိုင်းက ဂွတ်ခနဲမြည်ပြီး ရေထဲသို့ ပြုတ်အကျ ရေထဲသို့ မကျဘဲ ရေမျက်နှာပြင်အထက် တစ်ပေခန့်လွှတ်ပြီးစျာန်ပျံ သလို မြောက်နေသည်။

"ဟားဟား. . . သစ်က မျက်လှည့်တွေပြပြီး ကို့ကို လာနောက် နေပြန်ပြီ"

"ဩော်. . . ကိုက မယုံသေးဘူးကို"

နောက်ဆုံး စိတ်မရှည်တော့သော မေသစ်ညိုက မျိုးသန့်တို့ လက်ညှိုးနှင့် ထိုးလိုက်သောအခါ မျိုးသန့်ခမျာ ကားရားကလေးထိုင် နေသော ထိုင်ခုံမှ တစ်ပေခန့် မြောက်တက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဟာ. . ဟ မလုပ်ပါနဲ့ သစ် သစ်ရယ်၊ ယုံ. . . ယုံ. . . ယုံပါပြီ"

"တကယ်ယုံပြီလား"

"ယုံ. . . ယုံပါပြီ၊ သစ်က တကယ်ပဲ စုန်းမ လား"

"ဟုတ်တယ်၊ သစ်က စုန်းမလေးတစ်ယောက်ပဲ"

အဲဒီနေ့ အင်းလျားရဲ့ ညနေခင်းကတော့ မျိုးသန့်ကို လှောင်ပြုံးပြနေသည်။ ကဲ. . . ဘယ်လိုလဲ ကိုယ့်လူတို့ရေ ကိုယ့်ရဲ့ လှပတဲ့ချစ်သူလေးတစ်ယောက်က စုန်းမကြီးဖြစ်နေတာကို။ လှပတဲ့ အင်းလျားရဲ့ ကန်ပေါင်မှာ ဘယာကြော်တစ်ထုပ်ကိုင်ပြီး သိလိုက်ရတဲ့ ကျုပ်ရဲ့အဖြစ်ကို ဝင်ပြီးခံစားကြည့်ကြစမ်းပါဗျာ။

○

## (၂၃)

ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် စုန်းမတစ်ယောက်နှင့် သမီးရည်းစားအဖြစ် စိတ်ကွယ်ရာအရပ်တွင် နှစ်ယောက်တည်း တွေ့ကြရမည်ဆိုလျှင် သင်ကောတွေ့ရဲပါ့မလားမိတ်ဆွေ။ ဟိုတစ်ပတ် မေသစ်ညိုက သူ့ကိုယ်သူ စုန်းမလို့ပြောပြီးကတည်းက မျိုးသန့် တစ်ယောက်ကြောက်ကြောက်နှင့် သူမကို မတွေ့ရအောင် လှည့်ပတ်ရှောင်လာတာ ယခုဆို တစ်ပတ်တောင်ရှိပြီ။

ဒါပေမဲ့ ဒီနေ့တော့ မရတော့။ မနေ့ညက မေသစ်ညိုက သူ့ဆီကို ဖုန်းဆက်သည်။ မနက်ဖြန် သူမကို လာတွေ့ကို တွေ့ရမည်တဲ့။ မတွေ့ရင် သူ့အဆိုးမဆိုနဲ့တဲ့။ ဟူး. . . ဒါပေမယ့် တော်ပါသေးတယ်။ တွေ့ရမယ့် နေရာက ပန်းခြံတို့ဘာတို့ မဟုတ်ဘဲ အင်တာနက်ကဖေး တစ်ခုမှ ဖြစ်နေလို့။ ဒီလို လူကြားသူကြားထဲမှာဆိုတော့ ဘာပဲဖြစ်ဖြစ် တစ်ခုခုဖြစ် လာရင်တောင် လှမ်းပြီးအော်လို့ပြုလို့ရတာပေါ့။ အံမယ် အံမယ် ပြီးတော့ မှာလိုက်သေးတယ် မနက်ဖြန်လာတွေ့တဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



အဘာဆီကဘာပစ္စည်းမှ ယူမလာရဘူးတဲ့။ ဟံမာမင်း မျိုးသန့်တို့အဖြစ်ကတော့ တကယ် မလွယ်ကြောပဲဗျို့။

* * *

မေသစ်ညိုသူ့ကိုချိန်းသည့် အင်တာနက် ကဖေးလေးရဲ့ နာမည်က 'Sky Line' သူတို့နှစ်ယောက် ဂိမ်းပြိုင်ကစားခဲ့သည့် ဆိုင်ကလေး။ တစ်နည်းအားဖြင့် သူတို့နှစ်ယောက်ရဲ့ ချစ်ဖူးစာရှာလည်ခဲ့ကြသည့် နေရာကလေး။

ဆိုင်ထဲကို သူရောက်တော့ ခုံနံပါတ်'နှစ်'မှာ မေသစ်ညို ကြိုရောက်ပြီး ထိုင်နေသည်ကို တွေ့ရသည်။ နောက်မှ မြင်ရသည့် သူမ၏ ခန္ဓာကိုယ်နှင့် သူမ၏ ညိုဝါရောင်ဆံနွယ်စကလေးတွေက ကြော့ရှင်းလှပ ပန်းရနေသည်။ ဩော် စုန်းလို့သာပြောတယ်။ လှချက်ကတော့ ဗီးနပ်စ်ကတောင် အားဘားဘား အော်ရမယ်ဗျို့။

"သစ်ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူး ကိုရဲ့၊ ခုနမှ ရောက်တာ၊ လာထိုင်လေ"

စကားပြောရင်း မျိုးသန့်က မေသစ်ညိုနှင့် ကပ်ရပ်ခုံနံပါတ်'သုံး' မှာ ဝင်ထိုင်တော့ မေသစ်ညိုက-

"ဟာ. . . ကို အဲ့ဒီမှာ မထိုင်နဲ့ လာ သစ်ကွန်ပျူတာမှာပဲ နောက်ခုံတစ်လုံးနဲ့ ပူးပြီးလာထိုင်၊ သစ်ကိုကို ပြစရာရှိလို့" လို့ပြောတော့ မျိုးသန့်လည်း ဘုမသိ၊ ဘမသိနဲ့ မေသစ်ညိုနားကို ခုံတစ်လုံးဆွဲပြီး သွားထိုင်သည်။

"ကဲ သစ် ဘာပြမလို့လဲ"

မျိုးသန့်က အဲ့သလိုမေးတော့ မေသစ်ညိုက ဘာမှပြန်မပြောဘဲ



Internet Explorer က Web Address ဘားမှာ။

www.kaway.com

လို့ရိုက်ထည့်လိုက်သည်။ ဟိုက် www.kaway.com ဆိုပါလား။ ကဝေတွေမှာလည်း Web-Site (ဝက်ဘ်ဆိုဒ်)တွေ ဘာတွေရှိသလား။ ခဏနေတော့ Web-Site တစ်ခုတက်လာသည်။ နောက်ခံ back ground က အမည်းရောင်နှင့်။

'ဒီမှာတွေ့လား၊ ဒါ မေသစ်ညိုတို့လို ကဝေတွေ၊ စုန်းတွေပဲ ဝင်လို့ရတဲ့ Web-site, User - name တို့ Passwordတို့ မှန်မှ သူ့ထဲကို ဝင်လို့ရတာ"

ပြောရင်းဆိုရင်း User - name, Password ကို ဆက်ရိုက်ထည့်သည်။

User - name May Thit Nyo

Password ●●●●●●●●●●●

Password ကိုတော့ သူမက အမြန်ရိုက်ထည့်လိုက်၍ မျိုးသန့် သဲသဲကွဲကွဲ မမြင်လိုက်ရ။

ခဏနေတော့ အနက်ရောင်နောက်ခံနှင့် ဝက်ဘ်ဆိုဒ်ကြီး တစ်ခု တက်လာသည်။ ဟိုက်. . . ဟုတ်တယ်ဟ၊ အပေါ်ဘက်က ခေါင်းစဉ် (Banner)နေရာမှာ www.kaway.com တဲ့။ Home page မှာပေါ်လာတဲ့ မိန်းမကြီးပုံကလည်း ကြောက်စရာကြီး။ အံ့မယ် အံ့မယ် သူ့အောက်မှာ ရေးထားတဲ့စာကလည်းဘာတဲ့ 'The Representative of Myanmar' (မြန်မာပြည်ကိုယ်စားလှယ်)တဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကမ္ဘာ့ကဝေများအဖွဲ့ချုပ်ရဲ့ သစ်တို့မြန်မာပြည် ကိုယ်စားလှယ် ဆယ်နှစ်ကြိုးကဝေအတတ်မှာတော့ အင်္ဂလန်မှာရှိတဲ့ ကမ္ဘာ့ကဝေအတက်သင် တက္ကသိုလ်(The University of Witch)ကတောင် Ph.D ဘွဲ့ပေးထားရတဲ့ ပညာရှင်ကြီးပေါ့။ ခုဆို ဒေါက်တာဖြစ်နေပြီ"

"ဟင်. . . သစ် တို့မှာလည်း ကဝေအတတ်သင် တက္ကသိုလ်ဆိုတာရှိသလား"

"ရှိတာပေါ့၊ သစ်ဆို အဲ့ဒီတက္ကသိုလ်က ကဝေအင်ဂျင်နီယာ ရင်းဘာသာနဲ့ ဘွဲ့ရထားတာ"

"ဟား. . . တယ်ဟုတ်ပါလား၊ ဒါဆို အဲ့ဒီတက္ကသိုလ်ကို ကိုရော တက်ချင်လို့ တက်လို့ရမလား"

"အင်း ရတာပေါ့၊ ဒါပေမဲ့ ဝင်ခွင့်စာမေးပွဲ (Entrance)တော့ ဖြေရမယ်"

"ဖြေမှာပေါ့၊ မေးခွန်းခက်လား၊ ဘာတွေမေးတာလဲ"

"မခက်ပါဘူး၊ လွယ်လွယ်လေးပါ၊ ကျောင်းဝင်ခွင့်ရဖို့ဆိုရင် ဇဝရတ်တောင်ကို တစ်မိနစ်အတွင်းမှာ အကြိမ်တစ်ရာ အတက်အဆင်း လုပ်ပြရုံလေးပါပဲ"

"ဟီး. . . ဟီး ရတယ် ရတယ်၊ တက်တော့ဘူး၊ တက်တော့ဘူး"

"ကဲကဲ ခဏလေး တေတေနိုပ်၊ တိတ်တိတ်နေဦး၊ သစ်ချက်တင် (Chatting)ဝင်လိုက်ဦးမယ်"

"အွန် သစ်က ဘယ်သူနဲ့ချက်မှာလဲ"

"ဖေဖေ မေမေတို့နဲ့လေ၊ သစ်က လူ့ပြည်ကနေ တစ်နေ့တစ်ခါ ပုံမှန်ခုလိုချက်နေကြ"



ဟံမာမင်း စုန်းတွေ ကဝေတွေမှာလည်း Web-site တို့ Chatting တို့ရှိသတဲ့။ မျိုးသန့်ရေ မင်းတော့ ရူးတော့မယ်ထင်တယ်။

အဲ. . . အဲ. . . အဲသလိုနဲ့ မေသစ်ညိုတစ်ယောက် သူ့ဘာသာသူ ချက်ပြီးသကာလ မျိုးသန့်ဘက်လှည့်လာပြီး။

"ဟ. . . ဒုက္ခပဲ ကိုရေ၊ မနက်ဖြန် ကြီးကြီး သစ် ဆီအလည်လာမယ်တဲ့၊ ဖေဖေတို့ မေမေတို့က လူ့ပြည်က သစ်အကြောင်းကို Checkခိုင်းလိုက်တာ၊ ဒါပေမဲ့ အေးဆေးပါ။ ကြီးကြီးကို သစ် ပိုင်ပါတယ်။ ဒါပဲနော် မနက်ဖြန် ကြီးကြီးကိုသွားကြိုရင် ကိုပါ လိုက်ခဲ့ရမယ်"

"အင်. . . လိုက်တာကတော့ ဟုတ်ပါပြီ၊ ဘယ်မှာသွားကြိုရမှာလဲ"

"ဟဲ. . . ဟဲ. . . ဒါက မနက်ဖြန်ကျတော့ သိမှာပေါ့၊ မနက်ဖြန်မနက်ကိုးနာရီသာ၊ ကို သစ်ဆီရောက်အောင် လာခဲ့ပါ၊ မလာလို့ကတော့ သစ်အဆိုး မဆိုနဲ့နော်"

အို လာပြန်ပြီ။ ဒီ 'သစ်အဆိုးမဆိုနဲ့'။ ဒါနဲ့ပဲ မျိုးသန့် ခံခံနေရတာ။ ကြာရင် ကိုယ်တောင် 'စုန်းထီး' ဖြစ်တော့မလား မသိဘူး။

○

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

မနက် ရှစ်နာရီခွဲ၊ သစ်ဆီကိုသွားဖို့ မျိုးသန့်တစ်ယောက် အိမ်က ထွက်မယ်လုပ်တော့။

"ဟာ. . . ဟော့ကောင် ခဏနေဦး ခဏနေဦး စောစောစီးစီး ဒါက ဘယ်သွားမလို့လဲ"

"အာ. . . ဟိုကောင်တွေနဲ့ ချိန်းထားလို့ပါ အဘရ၊ ဂိမ်းဆော့ကြမလို့"

"အေး ဒါဆိုလဲ နေဦး၊ရော့ ဟောဒါလေးကို ယူသွား"

အဘဇိန်က ပြောရင်းဆိုရင်း သူ့ကို ထိုးပေးတဲ့ ဟာလေးကို ကြည့်လိုက်တော့ အင်းတွေဆွဲထားတဲ့ CD ပြားလေး၊ ဟိုက် အဘကတော့ အိုင်တီအဆောင် လုပ်ချလိုက်ပြန်ပြီ။ သူများတွေက ကြေးပြားတို့၊ ရွှေပြား ငွေပြားတို့ ပေါ်မှာသာ အင်းတွေဘာတွေ ဆွဲတတ်ကြတာ၊ သူ့ကျမှ CD ပြားပေါ်မှာ အင်းဆွဲရတယ်လို့"

"ဟာ. . . ရပါတယ်၊ အဘရာ ဒီနေ့ဆော့မှာက သူငယ်ချင်း



တွေအချင်းချင်း အပျော်ဆော့မှာပါ၊ ပြိုင်ပွဲမဟုတ်ပါဘူး"

" လျှာမရှည်နဲ့ ဟော့ကောင် ယူဆိုယူသွား၊ မနေ့က မင်းဝတ်သာတဲ့ အကျီကိုငါကြည့်တာ အောက်လမ်းအငွေ့အသက်လိုလို ဘာလိုလိုရတယ်။ အဲဒါကြောင့် ငါဒီ အဆောင်ကို စီရင်ထားတာ၊ ဟော့ကောင် ခုရက်ပိုင်းမှာ မင်းဘာတွေ ရှုတ်ရှုတ်ရှက်ရှက် လုပ်သေးလဲ"

"ဟာ. . ဘာ. . ဘာမှ မလုပ်ပါဘူး အဘရာ"

"အေး ဒါဆိုလဲပြီးရော၊ ဟော့ဒီအဆောင်ကိုတော့ ကိုယ်နဲ့ ကွာ ဆောင်သွား၊ မင့်မှာ အတိုက်အခိုက်တွေ ဘာတွေရှိနေလား မသိဘူး"

" ဗျာ. . . ဟုတ်. . . ဟုတ်ကဲ့"

ဟူး. . တော်ပါသေးရဲ့။ အဘက သိပ်ဆစ်ဆစ်ပေါက်ပေါက် လိုက်မရစ်နေလို့။ ဒီအတိုင်းဆို သစ်နဲ့ သွားတာလာတာကို ဆင်ဆင် ခြင်ခြင် ပိပိရိရိနေမှ။ တော်ကြာ အဘရိပ်မိသွားလို့ အားလုံးဟုတ်ပေ့ ဖြစ်နေမယ်။ အင်းခုတော့ ဒီအဆောင်လေးကို လမ်းမှာပဲ လွှင့်ပစ်ခဲ့မှ နို့မို့ဆို သစ်နဲ့က မလွယ်ကြော။

* * *

မျိုးသန့် မေသစ်ညိုတို့အဆောင်ရှေ့ကို ရောက်တော့ မေသစ် ညိုက အဆောင်ရှေ့မှာ လှတပတ ပြင်ဆင်ပြီးတော့တောင် စောင့်နေပြီ။ သူက ကားကိုရပ်ပေးလိုက်တော့ သူက ဟန်ပါပါနှင့် တံခါးဖွင့်ပြီး ကားခေါင်းထဲကို ဝင်ထိုင်သည်။ ဩော် . . ရှင်မဟာရဋ္ဌသာရ၏ 'ဆယ့်ခြောက်နှစ်ပြည့် မြင့်၏မထင် မွတ်မွတ်စင်သား' ဆိုသည့် စာသား ကလေးက သူမကိုကြည့်ပြီး စပ်ခဲ့သည့်အလား။ ဒါပေမယ့် ရှင်မဟာရဋ္ဌ

www.burmeseclassic.com

www.burmeseclassic.com



သာရ ရဲ့ ဝတ္ထုပဘာကလေးက စုန်းမကလေး မဟုတ်။ သူ့ရဲ့ချစ်ချစ် မေသစ်ညိုကလေးကတော့ စုန်းမကလေး။ ဟံမာမင်း ခက်လှပါဘီ။

"ကဲ သစ် ကို ဘယ်ကိုမောင်းရမှာလဲ"

"ဩော် ဟုတ်သားပဲ၊ မြေနီကုန်းက City Mart (စီးတီးမာ့တ်) ကိုမောင်း ကို"

"ဟင်. . City Mart ဟုတ်လား၊ သစ် အခေါ်က ရထားတို့ ကားတို့ လေယာဉ်နဲ့လာမှာ မဟုတ်ဘူးလား"

"ဩော်. . . . ကိုကလည်း ဒုက္ခပါပဲ။ သစ်တို့က ကဝေတွေ စုန်းတွေပါဆို ရထားတို့ ကားတို့ မစီးဘဲ ဘယ်ကလာလာရတယ်။ မနေ့ညက ကြီးကြီး သစ်ဆီ E-mail ပို့ထားတယ်။ မြေနီကုန်းက City Mart ကို လာခဲ့တဲ့"

"ဒီတော့လည်း မျိုးသန့်တစ်ယောက်ဘာမှ ပြန်မပြောနိုင်ဘဲ မြေနီကုန်းရှိ City Mart ဆီသို့သာ ကားကို ဦးတည်လိုက်ရသည်။

City Mart ကားပါကင်မှာ ကားကို ရပ်ပြီးတော့ မေသစ်ညို ကပဲဦးဆောင်ပြီး City Mart ထဲကို ကော့ကော့ကော့ကော့နှင့် ဝင်သွားသည်။ သူမ ဦးတည်သွားနေတာက စာအုပ်တွေရောင်းရာ Book Counter ရှေ့ရောက်တော့ သူမက တုန့်ခနဲ ရုတ်တရက်ရပ်လိုက်တော့ မျိုးသန့်လည်း လိုက်ပြီးရပ်လိုက်ရသည်။ အဲ့. . ပြီးတော့ သူမက စာအုပ်လေးတစ်အုပ်ကို ဖျက်ခနဲ လှမ်းကိုင်လိုက်သည်။ စာအုပ်ကလေးရဲ့ အဖုံးကို ကြည့်လိုက်တော့-

" ညမဖတ်ရ" တဲ့။

အဲ. . . အဲ။ အဲ့သည့် ခဏလေးအတွင်းမှာပဲ သူတို့ ဘေးပတ်ပတ်လည်မှာ မီးခိုးလုံးကြီးတွေ တလိပ်လိပ် တက်လာသည်။



တိုက်ဘာလဲဟ။ မီးလောင်တာလား။ ခဏနေတော့ မီးခိုးတွေရဲ့သွားပြီး သူနဲ့ မေသစ်ညိုကြားမှာ မိန်းမခပ်ဝဝကြီးတစ်ယောက် ရောက်နေသည်။ ဝတ်ထားတာကလည်း ဟယ်ရီပေါ်တာ ကားထဲက စုန်းမကြီးတွေလို အနက်ရောင် ဝမ်းဆက် ဝတ်ရုံရှည်ကြီးနှင့် ပြီးတော့ လက်ထဲမှာလဲ တံမြက်စည်းကြီးတစ်ချောင်း ကိုင်ထားသေး။ သူ့ကို ကြည့်ပြီး မျိုးသန့်က ပြာပြာသလဲနှင့်။

" ဟာ. . . သစ်၊ လုပ်ဦး၊ လုပ်ဦး သစ် ကြီးကြီးရဲ့ ပုံစံကို ဘေးက လူတွေ ဝိုင်းကြည့်ကုန်ကြမယ်"

"အေးဆေးပါ ကိုရ၊ သစ်တို့ စုန်းတွေမှာ လူ့ပြည်မှာ ရက်ရှည် ဗီဇာမရရင် လူတွေက မမြင်ရဘူး"

"ဘယ်. . . ဘယ်လို "

မျိုးသန့်က အံ့သလို ပြန်မေးတော့ မေသစ်ညိုရဲ့ ကြီးကြီးက ဝင်လာပြီး။

" ဟုတ်တယ်ကွဲ့ မောင်ရင်ရဲ့၊ ဥပမာ သစ်ဆိုရင် 'အပြည်ပြည်ဆိုင်ရာ ကဝေဝင်မှုကြီးကြပ်ရေးအဖွဲ့ကြီးရဲ့ လူ့ပြည်မှာ ရက်ရှည်နေခွင့် ဗီဇာရ ထားတယ်။ ဒါကြောင့် မောင်ရင်တို့ သူ့ကို မြင်နေရတာပေါ့ အဲ. . ကြီးကြီးက ရက်တိုဗီဇာနဲ့ပဲ ခဏလာခဲ့တာကွဲ့၊ ဒါကြောင့် ကိုယ်မြင်စေချင်တဲ့ သူတွေကိုပဲ မြင်အောင်လုပ်ထားလို့ရတယ်"

" ဩော် စုန်းတွေ၊ ကဝေတွေမှာလည်း ဗီဇာတွေ ဘာတွေ ရှိတာကိုး၊ ဒါနဲ့ အဲ့ဒီဗီဇာကို ဘယ်သူတွေက ထုတ်ပေးတာလဲ"

" လောကပါလ နတ်မင်းကြီးလေးပါးက ထုတ်ပေးတာလေ"

"ဟိုက်"

သူနဲ့ အဲ့သလို ပြောနေတုန်း ကြီးကြီးက မေသစ်ညိုဘက်ကို

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်လှည့်လိုက်ပြီး။

"ဟဲ့ . . မေသစ် ဒီသူငယ်လေးက ဘယ်သူလဲ "

"ဩော် . . သစ် သူငယ်ချင်းပါ။ သူက သိပ်ခင်ဖို့ကောင်းတယ် ပြီးတော့ စိတ်ကောင်းလည်းရှိတယ်"

"အေး. . သူငယ်ချင်းဆို သူငယ်ချင်းနော်။ ရှုတ်ရှုတ် ရှုတ်ရှုတ် တော့ မလုပ်နဲ့၊ ငါအခု လှူပြည့်လာတာကိုးက ညည်းအဖေအမေတွေက ညည်းကို Checking လုပ်ခိုင်းလိုက်တာနော်"

"ဟီး. . ဟုတ် ဟုတ်ကဲ့ပါ ကြီးကြီးရဲ့"

သူမတို့ အဲ့သလိုပြောနေတုန်း မျိုးသန့်ကဝင်ပြီး။

"ဩော် . . ဒါနဲ့ ကြီးကြီးတို့ကို အခု ဘယ်ကို ပို့ပေးရမလဲ"

"အေး ငါတို့ကို ကိုကိုညီညီ ဗြူတီးဆလွန်းကို ပို့ပေးစမ်း။

မျက်နှာပေါင်းတင်ပြီး ခြေသည်း လက်သည်းလေး ဘာလေး လုပ်မလို့။ တို့ဆီက ဗြူတီးဆလွန်းတွေက သိပ်ဈေးကြီးတာ"

"ဗျာ. . ဟုတ်. . . ဟုတ်ကဲ့"

ဟူး ဘယ်လိုလဲ ဗျာတို့ရယ်။ ဗြူးတီးဆလွန်းသွားပြီး မျက်နှာ ပေါင်းတင်တဲ့ စုန်းမဆိုတာ ကြားဖူးကြရဲ့လား။

"လာ. . . လာ ကြီးကြီး ကားပေါ်သွားကြရအောင်"

မျိုးသန့်က ထိုသို့ပြောရင်း ကြီးကြီးလက်ထဲက "တံမြက်စည်း" ကြီးကို အကြည့်ရောက်သွားကာ-

"ဒါနဲ့ ကြီးကြီးက 'ကဝေများဆိုင်ရာ မြူနီစပယ်ဌာန' ကလား"

"ဟေ. . . ဘာဖြစ်လို့လဲ"

"ဩော်. . . ကြီးကြီး လက်ထဲမှာ တံမြက်စည်းကြီး ကိုင်ထား လို့ပါ"



" ဟဲ့. . . ဘယ်က မြူနီစပယ်ဌာနကမှာလဲ၊ ဒါ တို့စုန်းတွေရဲ့ စီးတော်ယာဉ်ဟဲ့၊ ရုပ်ရှင်တွေထဲမှာ စုန်းတွေ တံမြက်စည်းပျံတွေ ဘာတွေစီးတာ နင်မမြင်ဖူးဘူးလား"

" ဟုတ်. . . ဟုတ်ကဲ့၊ မြင်ဖူးပါတယ်"

"အေး အခု ငါက မစီးတာက ငါနဲ့အတူတူ မေသစ်ပါ လိုက်စီး ရင် သူ့ကိုလူတွေမြင်ပြီး အကုန်လုံး ရှုတ်ရှုတ်ရှုတ်ရှုတ် ဖြစ်ကုန်မှာ စိုးလို့ဟဲ့"

ဩော်. . အင်း ဟုတ်တာပေါ့ ဟုတ်တာပေါ့၊ သူတို့ရဲ့ဝတ်စုံ ကြီး တကားကားနဲ့၊ ကောင်းကင်ပေါ်မှာ တံမြက်စည်း ပျံကြီးစီးပြီး ပျံရင် အောက်ကလူတွေ ဟာခနဲ ဟင်ခနဲနဲ့ ရှုတ်ရှုတ်ရှုတ်ရှုတ် ဖြစ်ကုန်မှာ ပေါ့။ ဟီးဟီး ဟုတ်တယ် မို့လား။

○

www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

မေသစ်ညိုကို စုန်းမကလေးမှန်းသိစက မျိုးသန့်တစ်ယောက် ခပ်ရွံ့ရွံ့ ဖြစ်ခဲ့သော်လည်း နောက်ပိုင်း တစတစနှင့် အရင်ကလို ပြန်ချစ်လာနိုင်ခဲ့သည်။ ဩော်. . သံယောဇဉ်. . . သံယောဇဉ် သမုဒယကြီး ဆိုတာက ရစ်မိပြီဟော့ဆိုရင် ဖြတ်ဖို့ဆိုတာ အခက်သားကလား။ ဩော် သူဘာသာသူ စုန်းမပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ကိုယ်ကချစ်မိပြီ ဟော့ဆိုရင် ဟံမာမင်း အခက်သားကလား။ ဩော် . . ရှေးရှေးတုန်းကတောင် လူနဲ့နဂါးတို့ ဘီလူးနဲ့လူတို့ ချစ်ခဲ့ကြတာ မေတ္တာမျှခဲ့ကြတာ ရှိသားမို့လား။ သူတို့လည်း လူသားနဲ့စုန်းမလေး ဘာလို့ဘာလို့ မဖြစ်နိုင်ရမှာလဲ။ ဟံမာမင်း မျိုးသန့်ရဲ့ အားတင်းထားစမ်းဟော့ အားတင်းထား။

အင်း. . အင်း ဒါပေမဲ့ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ သူမကို စုန်းလို့ သိပြီးကတည်းက သူမနဲ့ သူချိန်းတွေ့ကြရတာ လွတ်လွတ်လပ်လပ် မရှိတော့ဘူး။ တစ်ခါတစ်လေ ကန်ဘောင်မှာထိုင်နေတုန်း သူကြီးကြီးဆိုတာချည်းက ဝုန်းခနဲ မီးခိုးတွေထွက်ပြီး ရောက်လာလို့



ရောက်လာ။ ဟော. . အခုလည်းကြည့် ချစ်သူနှစ်ယောက် ကော်ဖီဆိုင်ထဲမှာ အေးအေးဆေးဆေး အကြည်ဆိုက်မလို့ လုပ်နေတုန်း။

' သစ် တလင်တိုင်းန်ဒေးတောင် ရောက်တော့မယ်နော်"

" အင်း. . အဲ့ဒါဘာဖြစ်လဲ၊ သစ်တို့ ကဝေတွေရဲ့ နှစ်သစ်ကူးပွဲတော်လည်း ရောက်တော့မယ်"

"ဟာ. . သစ်ကလဲ ချစ်သူနှစ်ယောက် တစ်ခါတစ်လေ အေးအေးဆေးဆေးလေး တွေ့ရတာ အဲဒီစုန်းတွေ၊ ကဝေတွေကိစ္စ ထားထားစမ်းပါ၊ တစ်ခါတစ်လေ အီစီကလီလေး ဘာလေးလုပ်ရအောင်"

"ဟွန်း ဘာ အီစီကလီလေးလဲ"

အဲ့သလိုနဲ့ သူတို့ အကြည်ဆိုက် ကြည်နူးနေတုန်း။

"ဝုန်း. . . "ဆို

သူတို့ စားနေသောက်နေတဲ့ စားပွဲဝိုင်းကို ဘယ်ကမှန်းမသိ ကောင်မလေးတစ်ယောက် ဖြုန်းကနဲဆို ရောက်လာတယ်။ ကောင်မလေး ကြည့်ရတာ အသက်လေးငါးခြောက်နှစ် ပတ်ဝန်းကျင်လေး။ ဝတ်ထား စားထားတာလည်း သူငယ်တော်လိုလို ဖိုးဝရုပ်လိုလိုနဲ့။ အံမယ်အံမယ် သူက သစ်ကို လယ်ဘယ်တန်းရိုက်ပြီး-

"ဟဲ့. . မိသစ်၊ နင်ဟိုတစ်နေ့က ဝယ်ထားတဲ့ Loral (လော်ရယ်) ဘော်ကပ်ဗူးလေး ငါ့ကို ခဏလောက်ပေးသုံးစမ်းပါဟာ၊ ငါပွဲတစ်ခု သွားစရာရှိလို့"

"ဩော်. . ဒါလေးများ ပြောစရာလိုလိုလား၊ ရော့. . ရော့ ယူသွား. . ယူသွား"

www.burmeseclassic.com

www.burmeseclassic.com



"အေးအေး ကျေးဇူးပဲဟာ၊ ဒါကြောင့်မို့ နင့်ကိုခင်တာ"

အံမယ်၊ သစ်က ပိုက်ဆံအိတ်ထဲက မိတ်ကပ်ဗူးလေးလည်း ထုတ်ပေးလိုက်ရော မယ်မင်းကြီးမလေးက ဖြုန်းခနဲ့ ပြန်ပျောက်သွားသည်။

"သစ် အဲ့ဒါက ဘယ်သူလဲ၊ သစ်ညီမလေးလား"

"ဟာ. . ဘာတွေလျှောက်ပြောနေတာလဲကိုရာ၊ ငရဲတွေ ဘာတွေကြီးကုန်တော့မယ်၊ သစ်တို့ထက် အသက်ရာချီကြီးတယ်"

"ဟင်. . . ဟုတ်လား"

○

(၂၆)

ဒီနေ့ မျိုးသန့် မနက်စာစား၊ ကော်ဖီသောက်နေတုန်း အဘက ခေါင်းပေါင်း၊ တိုက်ပုံ၊ ပုဆိုး ဝတ်စုံပြည့်နှင့် အပေါ်ထပ်က ဆင်းလာသည်။

"ဟာ. . အဘ၊ ဘယ်သွားမလို့လဲ"

"အေး. . ဒီနေ့ ငါ့ပဲခူးဘက်မှာ အမိဋ္ဌာန်အောင်ပွဲတစ်ပွဲ သုပ်စရာရှိလို့ကွ၊ အဲ့ဒါ ညနေလောက်ကျမှပြန်ရောက်မယ်"

ရဟူး။ ပျော်လိုက်သည့်ဖြစ်ချင်း ညနေကျမှ အဘ ပြန်ရောက် မယ်တဲ့။ ခုတလော သစ်နဲ့တွေ့ရတာ သူစိတ်ထဲမှာ တစ်ယောက် ယောက်က သူတို့ကို နောက်ယောင်ခံပြီး လိုက်ကြည့်နေသလိုပဲ။ တော်တော်ကြာကြာ အဘတပည့်တွေများလားမသိဘူး။ အဘနဲ့ သစ် ကလည်း လုံးဝလုံးဝမျက်နှာချင်းဆိုင်တွေ့လို့ မဖြစ်ဘူးလေ။ သစ်က အဝေမလေး၊ အဘက ဂမ္ဘီရဆရာကြီး၊ တကယ်ရှော့ခ် (Shock)ပဲ။

ခုလို ကြုံတောင့်ကြုံခဲ အခွင့်အရေးရတုန်း သူသစ်ဆီကို

www.burmeseclassic.com

www.burmeseclassic.com



ကမန်းကတန်း ဖုန်းဆက်လိုက်သည်။

"ဟလို သစ်လား "

"အင်း . . ကို ပြော"

"သစ် . . ဒီနေ့အိမ်က ဘိုးတော်ကြီး ပဲခူးကို ဂိုးသွားပြီ၊ အဲ့ဒါ သစ်နဲ့ကို တစ်နေရာရာမှာ အေးအေးဆေးဆေး တွေ့ရအောင်။ သစ်နဲ့ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတွေကို ခေါ်မလာကြေးနော်"

"အင်း . . အင်း ဟုတ်ပြီလေ . . ဒါဖြင့် ဘယ်မှာတွေ့ကြမလဲ"

"အင်းလျားလမ်းက စိမ်းလန်းစိုပြေ ပန်းခြံမှာ"

* * *

မျိုးသန့်နဲ့ မေသစ်ညိုတို့ အဲ့သလို ဖုန်းပြောနေကြတုန်းမှာပဲ မျိုးသန့်တို့ခြံထဲက ခြံစောင့်ကြီး ဦးဖိုးထူးက သူ့အိတ်ထဲက GSM ဖုန်းတစ်လုံးကို ထုတ်ပြီး ဖုန်းနံပါတ် တစ်စုံတစ်ရာကို နှိပ်လိုက်သည်။

" ဆရာကြီး သူတို့စိမ်းလန်းစိုပြေပန်းခြံကို သွားမယ်တဲ့"

" အေး . . ဟုတ်ပြီ၊ ဒါဆို ငါ စီစဉ်ထားတဲ့အတိုင်း အားလုံး ဆက်လုပ်"

* * *

စိမ်းလန်းစိုပြေ ပန်းခြံထဲမှာတော့ အသည်းနှလုံးတစ်စုံတို့ နှုးညံ့ မြူးတူးစွာ လွင့်ပျံနေကြသည်။

"ဟိုတ် . . ဒီနေ့ ချိန်းတွေ့တာ စုန်းအတတ်ကို လုံးဝလုံးဝ မသုံးကြေးနော်"

"အင်းပါ"

"မရဘူး၊ မရဘူး၊ အင်းပါဆိုတိုင်းလည်း မယုံရဘူး၊ ကိုယ့်ကို



အောင် တစ်ခုခု အာမခံချက်ပေး"

"ဩော် . . မသုံးပါဘူးဆိုမှ ဒုက္ခပါပဲ။ ကဲ . . ကဲ ဒါဆိုလည် သစ်တို့စုန်းတွေမှာ တစ်ခါတစ်လေ လူတွေနဲ့ ရောနှောနေတဲ့အခ ကျရင် ကိုယ့်ရဲ့ စုန်းအတတ်ကို ခဏနုတ်ထားလို့ ရတယ်၊ ကဲ အ သစ်ရဲ့ စုန်းအတတ်ကို တစ်နာရီ နှုတ်ထားပေးမယ်၊ ကျေနပ်ပြီလာ

"အိုကေ"

"ကဲ . . လာ ဒါဆို ရေခဲမုန့်သွားစားကြမယ်"

သူတို့နှစ်ယောက် အဲ့သလို အဲ့သလို ခုန်ပေါက်ပြေးလွှား ရေခဲမုန့်ဆိုင်ကလေးဆီသို့အလာ . .

ဝုန်း . . . ခနဲ ပတ်ဝန်းကျင်ကရုတ်တရက် တစ်စက္ကန့်လော အမှောင်ကျသွားသည်။ မှောင်ရာမှ ပြန်လင်းလာတော့ မရှိတော့။ သ မရှိတော့။ သူ၏ ဘေးတွင် သစ်မရှိတော့။

"သစ်ရေ သစ် . . . သစ်ရေ၊ သစ် ဘယ်မှာလဲ"

"ဟေ့ကောင် မင်းဘာမှ လျှောက်အော်မနေနဲ့ မင်းစုန်းမလေ က ဒီထဲမှာ"

အသံလာရာဆီကို သူ အငမ်းမရ လှည့်ကြည့်တော့ ဟင် . . . အဘဖိုန်။ သူ့လက်ထဲမှာ ကိုင်ထားတာ ပြောင်ပြောင်လက်လက် CD လေးတစ်ချပ်။ CD Cover (ကာဗာ)ကို သူ သေသေချာချာ ကြည့် တော့ ဟာ CD Cover က ငိုမဲ့မဲ့နှင့် သစ်မျက်နှာပုံလေးပါလား။ ငို နှင့် သူကိုလှမ်းကြည့်ပြီး အကူအညီတောင်းနေ သယောင်ယောင်

" ဘယ့်နှယ်ကွာ ရည်းစားထားစရာရှားလို့ စုန်းမကိုမှ ရည်းစ ထားရသတဲ့။ ဟား . . ဟား . . ဟား အခုတော့ မင်းရဲ့ မိုက်မဲမှု ငါ့အတွက် ကံကောင်းခြင်းတွေ ဖြစ်ကုန်ပြီကွ။ ဟား . . ဟား . . ဟာ

www.burmeseclassic.com



ငါ့အတွက် ကံကောင်းခြင်းတွေ ဖြစ်ကုန်ပြီ၊ ကျေးဇူးပဲ မျိုးသန့်ရာ"

"ဟာ. . အဘ. . အဘ၊ မလုပ်ပါနဲ့၊ ကျွန်တော့်ကောင်မလေး တို့ပြန်လွှတ်ပေးလိုက်ပါ။ သူကစုန်းဆိုပေမယ့် ဘယ်သူ့ကိုမှ ဒုက္ခမပေး ပါဘူး"

မျိုးသန့်တစ်ယောက် အဲ့သလို သွေးရူးသွေးတမ်းတွေ အော် ပြောနေတုန်းမှာပဲ အဘဇိန်ကတော့ သူ့မြင်ကွင်းက တစ်စတစ်စ ပျောက် ကွယ်သွားတယ်။ စိမ်းလန်းစိုပြေပန်းခြံရဲ့ အလယ်မှာတော့ မျိုးသန့် တစ်ယောက် ထဲ။

"ဟာ. . . အဘရေ၊ အဘ. . . . အဘ"

သွားပြီ၊ သွားပြီ၊ သစ် ခုလို ဒုက္ခရောက်ရတာ သူ့ရဲ့ မိုက်မဲမှု ကြောင့်။ သူက စုန်းအတတ်ကို နှုတ်ခိုင်းထားလို့။ အဘ ဖမ်းတာကို သစ်အလွယ်တကူ ခံလိုက်ရတာ။

မျိုးသန့်. . မင်းကြောင့် သစ် အခု ဒုက္ခရောက်နေပြီ။
မျိုးသန့်. . မင်းကြောင့် သစ် အခု ဒုက္ခရောက်နေပြီ။
မျိုးသန့်. . မင်းကြောင့် သစ် အခု ဒုက္ခရောက်နေပြီ။
မျိုးသန့်. . မင်းကြောင့် သစ် အခု ဒုက္ခရောက်နေပြီ။

○

## (၂၇)

ထိုနေ့ညနေ အဘဇိန် အိမ်ကိုပြန်ရောက်တော့ မျိုးသန့် တစ်ယောက် အိမ်ပေါက်ဝကဆီးပြီး ငိုပြတော့သည်။

"လုပ်ပါ အဘရယ်၊ သစ်က စုန်းဆိုပေမယ့် ကျွန်တော့်ကို ဘာ ဒုက္ခမှပေးတာ မဟုတ်ဘူး၊ ပြီးတော့ ဘယ်သူ့ကိုမှလည်း ဒုက္ခပေး တာမဟုတ်ပါဘူး။ သူ့ကို ပြန်လွှတ်ပေးလိုက်ပါ"

"ဟေ. . ဘာလို့လွှတ်ရမှာလဲ၊ ဒီမှာဟေ့ကောင် စုန်းဆိုတာ ဘာစုန်းပဲဖြစ်ဖြစ် လူတွေကို ဒုက္ခပေးတတ်တယ်ကွ၊ ပြီးတော့ လိုချင်လို့ ဖမ်းထားပါတယ်ဆိုမှ ဘာလို့ပြန်လွှတ်ပေးရမှာလဲကွ"

"ဗျာ. . လိုချင်လို့ ဟာဗျာ. . အဘရာ ကျော်မကောင်း ကြား မကောင်း ကိုယ်တူရည်းစားကို မကြံကောင်းမစည်ရာ"

"ဟာ. . ဟေ့ကောင် ခွီးမှပဲ ဘာတွေလျှောက်ပြောနေတာလဲ။ ဒီမှာ ရှေ့အပတ်ကြရင် ပတ္တရားကမ်းခြေမှာ ကျင်းပမယ့် ကမ္ဘာ့ဂမ္ဘီရ

www.burmeseclassic.com



ပညာရှင်များ ညီလာခံကို ငါတက်ဖို့ရှိတယ်၊ အဲ့ဒီညီလာခံမှာ ငါက မင်းရဲ့စုန်းမလေးအကြောင်းကို စာတမ်းတင်ပြီး တစ်ခါတည်း အကောင် လိုက် အရှင်လတ်လတ်ပြမလို့"

"ဟာဗျာ. . အဘရာ သူ့ခမျာ သနားပါတယ်ဗျာ မလုပ်ပါနဲ့"

"ဟ. . ဘာလို့ မလုပ်ရမှာလဲကွ၊ ငါ့နာမည် ကမ္ဘာကျော်ဖို့ ဒီအခွင့်အရေးထက်ကောင်းတာ ဘာမှမရှိတော့ဘူး"

"ဒါ . . ဒါ. . ဒါပေမယ့် သူက ကျွန်တော့်ချစ်သူလေဗျာ"

"ဒီမှာ ဟော့ကောင် မင်းဘာသာမင်း မွှန်ထူပြီး မဘက်လိုက် မိုက်ဘက်ပါတဲ့စကားတွေ ငါ့ရှေ့မှာ လာပြောမနေနဲ့၊ ဒီမှာ မင်းသေသေ ချာချာ မှတ်ထားဖို့က ငါလုပ်သမျှအားလုံးဟာ မင်းကောင်းဖို့အတွက် ဆိုတာကိုပဲ"

အဘက ထိုသို့ ဒေါနှင့်မောနှင့်ပြောပြီး သူ့အခန်းထဲဝင်သွား သည်။ မျိုးသန့်လည်း ကြံရာမရတော့။ ဒါပေမယ့် သူပါးစပ်ကတော့ ပွစိပွစိနှင့်။

"သွားပါပြီ . . သွားပါပြီ၊ ဒီအတိုင်းဆို သစ်တော့ နည်းနည်း လေးမှ မလွယ်ဘူး။ ဟွန်း. . သူတို့ ဂမ္ဘီရပညာရှင်တွေ ညီလာခံလုပ်တဲ့ နေရာကလည်း ပုပ္ပါးတောင်တို့ ဘာတို့လည်း မဟုတ်ဘူး၊ ပတ္တရား ကမ်းခြေတဲ့ ကောင်းရော. . ကောင်းရော"

○

(၂၈)

အဘဇိန်ကို မျိုးသန့် အဲ့သလို သွားပြောပြီးကတည်းက အဘဇိန်က အိမ်ရဲ့လုံခြုံရေးကို အထူးတင်းကြပ်ထားသည်။ အိမ်ရဲ့ နေရာအနှံ့ သူ့တပည့်တပန်း လူယုံတွေနှင့်။ ပြီးတော့ ခါတိုင်းဆို အဘ ဓာတ်ခန်းထဲကို သူတံခါးမရှိ ဓါးမရှိဝင်နေကြ။ အခုတော့ အဲ့ဒီ ဓာတ်ခန်းရှေ့မှာ သော့ခလောက်ကြီး။ ဧကန္တ အဲ့ဒီဓာတ်ခန်းထဲမှာ သမီး ရှိကို ရှိရမယ်။

မျိုးသန့် တစ်ယောက် သူ့အခန်းထဲက ခုတင်ပေါ်မှာ ထိုင်ပြီး အဲ့သလို ကြံရာမရဖြစ်နေတုန်း။

"ဝုန်း"

ဟဲ့. . ပလုတ်တုတ်။ မီးခိုးတွေကြားထဲက နှုတ်ခမ်းမွှေး ကကြိုး ကကြောင်နှင့် ခပ်ဝဝ လူကြီးတစ်ယောက် ထွက်လာသည်။

"ဟော့ကောင် ဘယ်လို လုပ်လိုက်တာလဲကွ၊ ခု မင်းလုပ်လို့

www.burmeseclassic.com



ငါ့တူမလေး ဒုက္ခရောက်နေပြီ၊ အဲ့ဒါ မင်း ဘယ်လိုဖြေရှင်းပေးမလဲ”

“ ခင်. . . ခင်. . . ခင်ဗျားက ဘယ်သူလဲ”

“ ငါက မေသစ်ညှိရဲ့ ဦးလေးပဲ”

“ ဗျာ. . မေသစ်ညှိရဲ့ ဦးလေး”

“အေး ဟုတ်တယ်၊ ကဲ အခု အားလုံးကတော့ အပျက်အပျက်နဲ့ နှာခေါင်းသွေး ထွက်ကုန်ပြီ၊ အဲ့ဒါ ဘယ်လို လုပ်ကြမလဲ”

“ ကျွန်. . ကျွန်တော်လည်း အဲ့ဒါပဲ စဉ်းစားနေတာ၊ သစ် လွတ်ဖို့ဆို ကျွန်တော် ဘာလုပ်ရလုပ်ရဗျာ”

“မင်း စကားသေချာလား၊ သစ် လွတ်ဖို့ဆိုရင် ဘာလုပ်ရလုပ်ရ ဆိုတာ”

“ဟာ သေချာတာပေါ့ဗျာ”

“အေး . . ဒါဆို မင်း ငါပြောတဲ့အတိုင်း လိုက်လုပ်နိုင်မလား”

“ဟာ . . လုပ်. . လုပ်နိုင်တာပေါ့ဗျ။ကဲပြောပါဦး၊ ကျွန်တော် ဘာလုပ်ရမလဲ”

“မင်း ကြွက်လုပ်ရမယ်”

“ဗျာ. . ကြွက်လုပ်ရမယ်”

“အေး . . မင်း ကြွက် ခဏလုပ်ရမယ်၊ မင်းဘကြီးက သူ့ဓာတ်ခန်းကို ခတ်ထားတဲ့သော့က ရိုးရိုးသော့ မဟုတ်ဘူး၊ ဝိဇ္ဇာပညာနဲ့ စီရင်ထားတဲ့သော့ကွ။ ဒီတော့ ငါလည်း အဲ့ဒီသော့ကို ပွင့်အောင် မလုပ်နိုင်ဘူး”

“ အင်းလေဗျာ၊ အဲ့ဒါနဲ့ ကျွန်တော် ကြွက်လုပ်ရမှာနဲ့ ဘာဆိုင် သလဲ”



“ ဟာကွာ ပြောမှာပေါ့ကွ၊ မင်းက စကားဖြတ် မပြောနဲ့လေး ဒီလိုကွ ခုနက ငါ မင်းဘကြီးရဲ့ ဓါတ်ခန်းကို သေသေချာချာ လေ့လာ ကြည့်တော့ အခန်းရဲ့ထောင့်နားမှာ အပေါက်သေးသေးကလေး တစ်ပေါက်ရှိတယ်ကွ၊ ဒီတော့ အခု မင်းက ကြွက်ဘဝပြောင်းပြီး အဲ့ဒီ အပေါက်ကလေးထဲကနေ ဝင်ရမှာ”

“ဗျာ”

“ဟ မဗျာနဲ့လေ၊ မင်းက အဲ့သလိုဝင်ပြီး ငါ့တူမလေးကို ဖမ်းထားတဲ့ CD ပြားကို လျှာနဲ့ သုံးခါရက်လိုက်တာနဲ့ ငါ့တူမလေး လွတ်ပြီကွ”

“ဗျာ ကျွန်တော် အဲ့သလို လုပ်လိုက်တာနဲ့ သစ် လွတ်ရောလား”

“အေး လွတ်ပြီပေါ့ကွ”

“ဒါ . . ဒါ. . ဒါပေမယ့်ဗျာ ခင်ဗျားဟာက ကျွန်တော့်ကို ကြွက်ဖြစ်အောင်လုပ်ပြီး တော်ကြာနေ လူပြန်ဖြစ်အောင်လုပ်လို့ မရတော့ရင် ဘယ်လိုလုပ်မှာလဲဗျ”

“ဟာ စိတ်ချစမ်းပါကွာ သေချာပေါက် မင်း လူပြန်ဖြစ်စေရ မယ်”

“ကိုင်း. . ဒါဆိုလည်း ချဗျာ”

“ကဲ. . လာလေရော့”

ထိုလူကြီးက လက်တစ်ဖက်မြှောက်ပြီး အဲ့သလို ရွတ်ဆို လိုက်သည့် တစ်ခဏ မျိုးသန့်တစ်ယောက် ချက်ချင်း လူစင်စစ်မှ ကြွက်ကလေး တစ်ကောင်အဖြစ်သို့ အသွင်ပြောင်းလဲသွားသည်။

“ကဲ. . ကျွန်တော် အခု ဘာဆက်လုပ်ရမှာလဲ”

www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးစပ်ကတော့ အဲ့သလို ပြောလိုက်ခြင်းပင်။ ဒါပေမယ့် တကယ်တမ်း ထွက်လာတဲ့အသံက-

“ ကျွိ. . . ကျွိ. . ကွိ. . ကျ. . ကွိ”

ဒါပေမယ့် ဘာသံတွေပဲ ထွက်ထွက် ထိုလူဝကြီးကတော့ သူ့စကားကို နားလည်သည့်ပုံနှင့် သူ့ဦးလေးဓါတ်ခန်းရှိ ကြွက်ဝင်ပေါက်တလေးကို ညွှန်ပြသည်။

ဒီတော့ သူလည်း ထိုအပေါက်ကလေးထဲကို ဝင်လိုက်တော့။ လား. . လား သူ့ဦးလေး၏ ဓာတ်ခန်းကျယ်ကြီးထဲသို့ ရောက်သွားသည်။ ဟော. . ဟော. . ဟိုနားက စားပွဲပေါ်မှာ ကန်တော့ပွဲသုံးလုံး တင်ထားတာတွေ့တယ်။ ဒါနဲ့ အဲ့ဒီနားကို သူအပြေးအလွှား သွားကြည့်တော့ ဟော . . . သစ်ကိုဖမ်းထားတဲ့ CDချပ်ကလေးကို တွေ့ပြီ။ တွေ့ပြီ။ ထိုစဉ်။

“ ညောင်. . ဝေါင်း. . ဝရောင်း”

ကြောက်မက်ဖွယ် အသံစူးစူးကြီး တစ်သံကို ကြားလိုက်ရ၍ သူ နောက်ကို လှည့်ကြည့်လိုက်တော့ ဟိုက်. . အိမ်က ပူစီ ပါလား။ ပူစီကတော့ သူ့ကို စားတော့ ဝါးတော့မယ့်ပုံကြီးနဲ့ ကြည့်ပြီး အပြတ်မာန်ဖီ နေသည်။ မဖြစ်ဖူး မဖြစ်ဖူး ဒီအတိုင်းဆို မျိုးသန့်တို့ ရေတိမ်နစ် တော့မယ်။

ဒါနဲ့ သူလည်း ပူစီနားရွက်နားကို အပြေးအလွှားသွားပြီး-

“ဟေ့ကောင် ငါ့ကို သေချာကြည့်စမ်း မင်းသခင် မျိုးသန့်လေ၊ ကြောင်တောင်တောင် ကြားတားတားတော့ မလုပ်နဲ့နော် ဒီညစာ တော်သွားမယ်”



ပူစီက မျိုးသန့် အသံလည်းကြားရော ခဏလောက် မှုန ကြောင်ကြောင် ကြည့်နေပြီး နောက်သို့ လှည့်ထွက်သွားသည်။

[တိရစ္ဆာန်ဘဝသို့ ရောက်သွားပါက တိရစ္ဆာန်တို့၏ မာဂဓ ဘာသာစကားကို အလိုအလျောက် Auto တတ်မြောက်သွားပါသည်။ ယုံကြည်ပါက ကိုယ်တိုင်သွားကြည့်ကြပါကုန်။ (စာရေးသူ၏ တားချပ်)]

ဟူး. . တော်ပါသေးရဲ့။ ဒီတော့မှ မျိုးသန့်လည်း စားပွဲကို ဝမ်းသာအားရတက်ပြီး မေသစ်ညို (အဲလေ)မေသစ်ညိုကို ဖမ်းထားတဲ့ CD ချပ်ကို အားရပါးရ ရက်မလို့အလုပ်။

“ဟေ့ကောင် မင်း ဘယ်သူလဲ”

သူ့နောက်က ခေါ်သံကြား၍ လှည့်ကြည့်လိုက်တော့ ဟိုက်. . ကြွက်ကြီးတစ်ကောင်။

“ဗျာ”

“ဟေ့ကောင် မင်းကို မေးနေတယ်လေ၊ မင်း ဘယ်က ကောင် ဘဲ မင်းကို ဒီနားတဝိုက်မှာ တစ်ခါမှ မမြင်ဖူးပါဘူး”

“ခင်ဗျားက ဘယ်သူလဲ”

“ အေး. . ငါက ဒီနယ်ရဲ့ ကြွက်ဝင်မှုကြီးကြပ်ရေးမှူးပဲ၊ ကဲ ဘယ်မှာလဲ မင်းရဲ့ ကြွက်မှတ်ပုံတင်ကတ်”

“ဗျာ. . ကြွက်. . . ကြွက်မှတ်ပုံတင်ကတ်။ ကြွက်တွေမှာ လည်း မှတ်ပုံတင်ဆိုတာ ရှိတယ်”

“ဟ. . . ရှိတာပေါ့ကွ၊ ကဲ. . ပြမှာသာ ပြစမ်းပါကွာ”

“ဒီ. . ဒီလိုပါ အစ်ကိုကြီးရယ်၊ကျွန်. . ကျွန်တော်က ရုတ်တရက်

www.burmeseclassic.com



ထွက်လာရလို့ မှတ်ပုံတင်ကျန်ခဲ့လို့ပါ"

"ဟာ.. ဒီလို လွယ်လွယ် ပြောလို့ ရမလားကွ duty is duty ပဲ"

"ဟဲ... ဟဲ.. ဒါနဲ့ အစ်ကိုကြီး ကြက်သားတုံးတွေ ဘာတွေ မကြိုက်ဘူးလား"

"ကြွက်ပဲကွ ကြက်သားတုံတော့ ကြိုက်တာပေါ့"

"ဟုတ်.. ဟုတ်ကဲ့၊ အဲဒီ ကြက်သားတုံးတွေကို ညကျရင် မီးဖိုချောင်ထဲမှာ အစ်ကိုကြီးအတွက် ကျွန်တော် သေသေချာချာ ထုပ် ထားပေးပါ့မယ်"

"ဟေ... တကယ်လား"

"တ. . တကယ်ပါဗျာ"

"အေး ဟုတ်ပြီ၊ ဒါဆို သွားတော့ အေး မင်းကတိတော့ မင်း တည်ပစေနော်"

ထိုကြွက်သိုးကြီးက အဲ့သလိုပြောပြီး ထွက်သွာတော့ မျိုးသန့် လည်း CD ချပ်ကို အားရပါးရ ရက်လိုက်ရာ။

"ချွင်.. ရှလွှင်... ခလွမ်း... ဝုန်း..."

မီးခိုးလုံးများ စဲသွားတဲ့ အခါမှာတော့။

"မေသစ်ညို"ကို သူတွေ့လိုက်ရသည်။

○

" ချစ်ခြင်းတွေ အနတ္တပွဲသီထားတဲ့
ကောင်မလေးရေ၊
ဘာကိုမှ မပူနဲ့၊
မင်းဆီကို ကိုလာပြီ၊
တကယ်တော့
အချစ်စစ်ရဲ့အရသာဆိုတာ၊
လောကကြွက်ပြစ်မှုမှ သိကြတာပါကွာ"

www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

ထိုနေ့က အဘဇိုန် အိမ်ပြန်ရောက်တော့ ဝုန်းဒိုင်းကြဲတော့သည်။ ဒါပေမယ့် သူခတ်ခဲ့တဲ့သော့ကလည်း လက်ရာခြေရာမပျက်ဘဲ အခန်းထဲက CD ချပ်ကပဲ ကွက်ပျောက်သွားတော့ သူ တော်တော် စဉ်းစားမရ ဖြစ်နေသည်။ ပြီးတော့ သူကိုယ်တိုင် စီရင်ထားတဲ့ ဂမ္ဘီရသော့ကို သူကိုယ်တိုင်ကလွဲလို့ ဘယ်သူမှ ဖွင့်လို့ရမှာ မဟုတ်ဘူး ဆိုတာလည်း သူကသိနေသည်။

"ဟင်း. . ဟင်း ဟိုကောင် မျိုးသန့်တော့လား။ မ ဖက်လိုက်ပြီး မိုက်ဖက်ပါပြီ ထင်တယ်။ လက်ပူးလက်ကြပ် မမိသေးလို့ပေါ့ကွာ။ မိလို့ကတော့ အရိုးတခြား အသားတခြားပဲ"

○

## (၃၀)

ပုံမှန်အတိုင်း ဆိုရင်တော့ မျိုးသန့်နှင့်မေသစ်ညိုတို့၏ အချစ်ခရီးလေးကရှေ့ဆက်ပြီး ဖြောင့်ဖြူးနေသည်။

ဒါပေမယ့်

ရတာမလို၊ လိုတာမရ။

မာယာတွေ အခါခါပြနေတဲ့။

လောကရဲ့ ဇာတ်ခုံပေါ်မှာ။

သူတို့နှစ်ယောက်ကို။

ဟိုး . . . ကမ္ဘာဆုံးအထိ။

ဝေးကွာသွားစေတဲ့။

အကြောင်းအရင်းလေးကတော့. . .

အကြောင်းအရင်းလေးကတော့. . .

The End

www.burmeseclassic.com

www.burmeseclassic.com



"ဟီး. . ဟီး။ ဒီလိုသာ အဆုံးသတ်လိုက်လို့ကတော့ စာဖတ်နေတဲ့ သူတွေက ကျုပ်ကို ဝိုင်းဆဲကြမှာပေါ့"

ဒါကြောင့်။ ဒါကြောင့်မို့ ။

"ဟို ဖက်တစ်မျက်နှာကို ဆက်ဖတ်ကြည့်လိုက်ကြပါဦး"

○

## (၃၁)

မျိုးသန့်တစ်ယောက် ဒီနေ့မြူးတူးတက်ကြွနေသည်။ အင်း. . ဒီနေ့တော့ သူ မေသစ်ညိုကို တွေ့ဖြစ်အောင် သွားတွေ့မည်။ ဟိုတစ်နေ့က သူမ လွတ်လာတော့ သူ့ကိုပြုံးရုံလေးပဲ ပြုံးပြသွားနိုင်သည်။ ပြီးတော့ အဘဇိန်ပြန်လာမှာစိုးတာနဲ့ သူ့ဦးလေးနှင့် သုတ်သုတ် သုတ်သုတ် ပျောက်သွားလိုက်တာ သူနှင့် စကားလေးတစ်ခွန်းတောင် မပြောလိုက်ရ။

ဒါကြောင့်မို့ ဒီနေ့တော့ ရှိုးစမိုးအပြည့်နှင့် မေသစ်ညိုတို့အဆောင်ကို ထွက်လာခဲ့သည်။

အဆောင်ရှေ့မှာ သူ့ကားကို ရပ်လိုက်တော့ အဆောင်ပေါ်မှာ လူတွေဘာတွေ သိပ်မတွေ့ရ။ ဩော် နေ့လယ်ဘက်မို့လို့ ကျောင်းသွားတာ၊ အလုပ်သွားကြလို့နဲ့တူတယ်။

ဒါနဲ့ သူလည်း အဆောင်ထဲကိုဝင်လိုက်တော့. . .

ဟင်. . ပြတင်းပေါက်တွေကကွဲ။ နံရံတွေမှာလည်း ပင့်ကူအိမ်

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ကျပ်ခိုးတွေနဲ့၊ ဟင်း . . . ဒီအဆောင်က ကောင်မလေးတွေ မိန်းကလေးတွေဖြစ်ပြီး တော်တော် ညစ်တီးညစ်ပတ်နဲ့ စည်းမရှိကမ်းမရှိ နိုင်ပါလား။ သူ အဲ့သလို စဉ်းစားနေတုန်း အဝတ်အစား ခပ်နွမ်းနွမ်းနဲ့ မိန်းမကြီးတစ်ယောက် ထွက်လာတာ တွေ့လိုက်ရသည်။ ဟင်. . . အရင်က အဲ့ဒီမိန်းမကြီးကို တစ်ခါမှ မတွေ့ဖူးပါဘူး။

"အဒေါ် ဒီအဆောင်ကသူတွေ တစ်ယောက်မှ မရှိကြဘူးလား"

"ဟေ . . မင်းဘာပြောတာလဲ"

ဩော်. . အဒေါ်ကြီးက နားလေးရှာတယ်ထင်တယ်။ခပ်ကျယ်ကျယ်ပြောမှ-

" ဒီအဆောင်က လူတွေတစ်ယောက်မှ မရှိကြဘူးလား"

ထိုအဒေါ်ကြီးက သူ့စကားကိုလည်း ကြားရော ဟက်ဟက်ပက်ပက် ရယ်ပြီး-

" ဟား. . ဟား. . ဟား ဟေ့သူငယ်၊ မင်း အတည်ပေါက်နဲ့ လာနောက်နေတာလား၊ ဟိုးလွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်ကတည်းက ဒီအဆောင်မှာ လူမှမနေတော့ပဲကွဲ့"

ထိုအဒေါ်ကြီးက အဲ့သလိုပြောပြီး တဟားဟားရယ်ကာ အခန်းထဲ ကို ပြန်ဝင်သွားသည်။

အိ. . . ။ ဒီအတိုင်းဆို ကြက်သီးထစရာကြီး။ သစ်ကို အရင်က သူပြန်ပြန်ပို့ခဲ့တာလည်း ဒီအဆောင်မှ ဒီအဆောင်ပဲ။ နေရာတွေ လိပ်စာတွေလည်း မှားစရာအကြောင်း လုံးဝမရှိ။

ဒီ. ဒီ. ဒီအတိုင်းဆို သစ်ရဲ့ သူငယ်ချင်းတွေကရော လူတွေ ဟုတ်ရဲ့လား။ တော်တော်ကြာ စုန်းတွေ၊ ကဝေတွေ၊ သရဲတွေများ



ဖြစ်နေမလား။

အင်း. . . ကဝေတွေ၊ သရဲတွေလို့ ခုနက အဒေါ်ကြီးပြောသွားတဲ့စကားကို ခုမှ သူပြန်စဉ်းစားကြည့်မိသည်။ အဲ့ဒီ အဒေါ်ကြီး ပြောသွားတာက-

"ဟိုး. . လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကတည်းက ဒီအဆောင်မှာ လူမှမနေတော့ဘဲကွဲ့" တဲ့

အီး. . ဟီး. . ဟီး၊ဒါ. . ဒါ. . ဒါဆိုရင် သူကရော လူ. . လူ ဟုတ်ပါ့မလား။ အီး မဖြစ်ဘူး၊ ဒီကနေ အမြန်လစ်မှ။

သို့ကလိုနှင့် မျိုးသန့်တစ်ယောက် ကားပေါ်တက်ပြီး ထိုနေရာမှ အမြန်သုတ်ခြေတင်လာခဲ့သည်။ သစ်ရေ မင်း ဘယ်ကိုများ ရောက်နေသလဲကွယ်။

* * *

အဲ့သလို အဲ့သလိုတွေးပြီး မျိုးသန့်တစ်ယောက် ကားကို မောင်းအလာ၊ ရုတ်တရက် သူဘေးနားက ထိုင်ခုံမှ မီးခိုးတွေ အူခနဲ ထွက်လာသည်။

"ဟဲ့ သောက်ပလုတ်တုတ်"

မီးခိုးတွေ ရှင်းသွားလို့ သေသေချာချာကြည့်လိုက်တော့မှ ဟာ သစ် ဦးလေးကြီးပါလား။

"ဟာ. . . ဦးလေး. . ဦးလေး အတော်ပဲ၊ သစ် ဘယ်မှာလဲဗျာ ကျွန်တော် သူ့ကို လိုက်ရှာနေတာနဲ့နေပြီ"

" အေး ငါ အခုလာတာလည်း အဲ့ဒါ မင်းကို ပြောမလို့၊ သစ် မရှိတော့ဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . သစ်က မရှိတော့ရအောင် ဘယ်ရောက်သွားလို့လဲ။ အဘဇိန် ပြန်ဖမ်းသွားတာလား"

"မဟုတ်ဘူးကွ၊ သစ်က သူ့ရဲ့ လူ့ပြည်ဗီဇာ သက်တမ်းကုန်လို့ မင်းတို့ လူ့ပြည်ကနေ ပြန်သွားပြီ"

"ဗျာ. . . လူ့ပြည့်ဗီဇာ သက်တမ်းကုန်သွားလို့"

"အေး သူ့ကို သူ့အဖေက လူ့ပြည်မှာလည်ဖို့ ရက်၁၀၀ ပဲ ဗီဇာသက်တမ်း ပေးလိုက်တာကွ"

"ဗျာ . . . ဒါ. . ဒါဆို သူ လူ့ပြည်ကို ဘယ်တော့မှ ပြန်မလာတော့ဘူးလား"

"အဲ့သလိုတော့လည်း မဟုတ်ဘူးကွ၊ နောက် သုံးလလောက် နေရင်တော့ လူ့ပြည်ဗီဇာကို သူပြန်လျှောက်ရင် ရကောင်းရနိုင်တယ်"

"ဩော်. . သုံးလလောက်ပဲဗျာ စောင့်ရမှာပေါ့"

"အေး ဒါပေမယ့် တို့ စုန်းတွေရဲ့ တိုင်းပြည်မှာ တစ်လဆိုရင် မင်းတို့ လူ့ပြည်မှာ ဆယ်နှစ်တိတိ ကြာတယ်ကွ"

"ဗျာ"

○

BURMESE CLASSIC



"စီးနေတဲ့ရေပြင်မှာ
ခြေနှစ်ခါမချနိုင်ဘူးတဲ့၊
ငါကာဝေရာ
ငါ့ချစ်သူ စုန်းမလေးနဲ့၊
ဒီဘဝမှာ နှစ်ခါမတွေ့နိုင်တော့ဘူးလားကွာ၊
ကံကြမ္မာဆိုတဲ့အရာကို
ကြိုးဆွဲနေတဲ့ လူကြီးခင်ဗျာ
ကျွန်တော့်ကို
အဲ့ဒီလောက်မရက်စက်ပါနဲ့၊
လိုအပ်ရင်
ကျွန်တော် ခင်ဗျားကို
လာဘ်ထိုးပါ့မယ် "

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

ဒါပေမယ့် ခုနက နတ်စ်မလေးက မေသစ်ညိုနဲ့ တစ်ထေရာ တည်းတူတာကတော့ အမှန်ပါပဲ။

○

## (၃၂)

မျိုးသန့်တစ်ယောက် မျက်စိဖွင့်ကြည့်လိုက်တော့။

'ဟာ မေသစ်ညို မင်း မင်းလူ့ပြည်ကို ပြန်လာတယ်နော်။ ဝမ်း. . ဝမ်းသာလိုက်တာကွာ"

ပြောပြောဆိုဆို နှင့် မျိုးသန့်က နတ်စ်မလေးကို ဆွဲထားလို့ ဘေးနားက သူ့အမေကဝင်ပြီး

'သား ဘာတွေလျှောက်ပြောနေတာလဲ။ ဘယ်က မေသစ်ညိုလဲ'

မေမေအသံကို ကြားလို့ သူ့ဘေးနားကို လှည့်ကြည့်လိုက်တော့။

'ဟာ အဘဖိုးနှံ အဘ၊ အဘရယ်မေသစ်ညိုကို ခွင့်လွှတ်ပေး ပါဗျာ။ သူက စုန်းမလေးပေမယ့် လူတွေကို ဘာ ဒုက္ခမှ မပေးပါဘူး'

'သား မင်းဘာတွေပြောနေတာလဲ။ မနေ့ညက မင်းအလုပ်တွေ အပင်ပန်းလွန်ပြီး ခဏသတိလစ်သလို ဖြစ်သွားတာလေ။ မင်း အဘဖိုးနှံ တ ဒီနေ့မနက်ကမှ ရန်ကုန်ကိုရောက်တာ။ မင်းနဲ့အခုမှတွေ့ရတာလေ'

'အေးလေ မောင်မျိုးသန့်ရဲ့၊ အဘ အခုမနက်ကမှ ရန်ကုန်ကို ရောက်တာလေ မင်းပြောတာ ဘယ်က စုန်းမလေးလဲ'

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

(၃၃)

သည်လိုနဲ့ နောက်သုံးလလောက်လည်း ကြာရော။ မျိုးသန့်မောင် တစ်ယောက် သူ့ရဲ့ အချစ်ပရိုဂရမ်လေးကို အောင်အောင်မြင်မြင် ရေးဖြစ်သွားတယ်။

သူ့ရဲ့သတို့သမီးလောင်းကတော့ ဘယ်သူရှိရမလဲ။

ဟိုဆေးရုံက နတ်စ်မလေးပေ့ါ။

See you at the top!

လင်းသိုက်ညွန့်(မြန်မာမြေ)

Lynn Thaik Nyunt (Myanmar's Land)

**Writer's Fan Club Member List (5)**

| | | |
|---|---|---|
| ၁၇၉။ | မဇာမြတ်တက် | **B.A (English)**<br>No.(18/A)၊ ဟုန်းလမ်း၊ ပန်းလှိုင်အိမ်ရာ၊ ပမ်းဈေးချောင်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၈၀။ | မရွှန်းအိမ်ခြွေခင် | **B.A (E.P.P)**<br>No (214/216)၊ 7(A)၊ ကျောက်စိမ်းကွန်ဒို၊ ဝိုလ်မြတ်ထွန်းလမ်း (အလယ်)၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| ၁၈၁။ | မသည်းမွန်သက်အောင် | **B.A (Myanmar)**<br>၅၃၀၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၈၂။ | မတင်ဟင်လှိုင် | **B.A (Geog)**<br>၄၀၄၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၈၃။ | မဆုမြတ်မိုး | **B.A (German)**<br>အမှတ်(၁၂၃)၊ နဂါးမောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၈၄။ | မစင်သော်တာစန်း | **B.A (Eng)**<br>၂/သမြေညီ၊ ပမ်း၊ မှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၈၅။ | မဇမယသဲနိုင် | **B.A (Russian)**<br>၁၀၄၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၈၆။ | မစုမြတ်မွန် | **B.C.Sc (Hons)**<br>အမှတ် (၁၄/ဒီ)၊ လှည်းတန်း (၁) လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၈၇။ | မပွင့်နွန်းရွှေစင် | **B.A (Eng) (YUFL)**<br>အမှတ် (၆၅)၊ ၄ ပွာ (ခေါင်းရင်း)၊ ကုဿာလလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ |

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၁၈၈။ | မအင်ရှန်းဆိုင်းသူ | **B.A (English) (Hons)**<br>MGR(6)၊ စီတာပူ၊ မြစ်ကြီးနား၊<br>ကချင်ပြည်နယ်။<br>၃၄၊ ဗြည်ဒီထပ်(ယာ)၊ သီရိမင်္ဂလာလမ်း၊<br>မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၈၉။ | မမိုမိုလွင် | **B.A (English)**<br>အမှတ်(၉၅)၊ အခန်းနံပါတ်(၅၀၂)၊ ၅လွှာ၊<br>အနော်ရထာလမ်း နှင့် ဗိုလ်တစ်ထောင်ဘုရား<br>လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၉၀။ | မောင်အောင်ကောင်း<br>ဆက်ချာန် | **Third Year (English)**<br>တိုက်(၅)၊ အခန်း (၃၀၁)၊ ပါရမီအိမ်ရာ၊<br>ဦးသင်းဖေလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၉၁။ | မောင်မျိုးသျှားထွန်း | ၂၂(က)၊ ၃၂လမ်း၊ ၆၆ × ၆၇ကြား၊ မန္တလေး။ |
| ၁၉၂။ | ဒေါ်စန်းမြင့်<br>ကလောင်အမည်<br>မေသာထက်(မဟေသီ)<br>ကလောင်အမည်<br>ခင်စန်းမေ (မင်္ဂလာဂျူဟာ) | **B.Sc , D.A**<br>အမှတ်(၈၈၈)၊ အခန်း – ၅၀၂၊ အုတ်ကျင်း<br>ဘုတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၉၃။ | မောင်ရဲခေါင် | **Second Year(Phys)**<br>တောင်ကြီးတက္ကသိုလ်<br>ရှမ်းပြည်နယ်၊ အခွန်ဦးစီးမှူးရုံး၊<br>အနောက်မြို့ပတ်လမ်း၊ ကျောင်းကြီးစုရပ်၊<br>တောင်ကြီးမြို့။ |
| ၁၉၄။ | မောင်ဖြိုးသီဟထွန်း | **B.Sc (IC)**<br>လှည်းတန်း (၇)လမ်း၊ တိုက် ၂၄၊ ၆ **(B)** |
| ၁၉၅။ | *Shoon Lei Aung* | **B.A (Eng) YUFL**<br>No.443, Thihathu Street, 12 Qrt.,<br>South Okkalar Tsp, Yangon. |
| ၁၉၆။ | *Van Lal Zawmi* | **Final Year**<br>No.99/101, 5th Floor, 38th Street,<br>Coner of Annawyahta Road, Kyauttada |
| ၁၉၇။ | *Mg Pyi Moe Aung* | **B.A (Chinese)**<br>No.31, Second Floor (B), Myintma St,<br>Sanchaung Township, Yangon. |
| ၁၉၈။ | မဓမမြတ်မွန် | **First Year (Maths)**<br>အိမ်အမှတ်(၆)၊ ဆိပ်ကမ်းသာရပ်ကွက်၊<br>သိမ်ဇရပ်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ |
| ၁၉၉။ | မလှိုင်ပြည့်ပြည့်အောင်<br>ကလောင်အမည် -<br>ရှိုးမြေ | **Teacher**<br>အမှတ်(၃၈)၊ ရာဇဓိရာဇ်လမ်း၊ ၄၁ ရပ်ကွက်၊<br>မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၂၀၀။ | မသန္တာဦး | **Third Year(History)**<br>ဇာတ်စုရပ်၊ နယ်မြေ ၅၊ သီပေါမြို့။ |
| ၂၀၁။ | မခင်ရဲထွေး<br>ကလောင်အမည် -<br>မစံပယ်(အိမ်မဲ) | **B.A (History)**<br>သရဖီလမ်းသွယ်၊ အထက်ပိုင်းရပ်ကွက်၊<br>အိမ်မဲမြို့ ဧရာဝတီတိုင်းဒေသကြီး။ |
| ၂၀၂။ | မဖူးပွင့်မေ | စတုတ္ထတန်း<br>ဥသြ စာပေ / ဓါတ်ပုံ ၊ ရွှေမုဌောဘုရား<br>တိုက်တန်း၊ ရှမ်းပွဲရပ်၊ ဗိုလ်ချုပ်လမ်း၊ မြစ်သား။ |
| ၂၀၃။ | မဆက်ဆက်ညီမ်း | ဆဋ္ဌမတန်း<br>ဥသြ စာပေ / ဓါတ်ပုံ ၊ ရွှေမုဌောဘုရား<br>တိုက်တန်း၊ ရှမ်းပွဲရပ်၊ ဗိုလ်ချုပ်လမ်း၊ မြစ်သား။ |
| ၂၀၄။ | ဒေါ်လှိုင်လှိုင်ဝင်း | ဒသမတန်း<br>ဥသြ စာပေ / ဓါတ်ပုံ ၊ ရွှေမုဌောဘုရား<br>တိုက်တန်း၊ ရှမ်းပွဲရပ်၊ ဗိုလ်ချုပ်လမ်း၊ မြစ်သား။ |
| ၂၀၅။ | ဦးဝေလွင် | ဒသမတန်း<br>ဥသြ စာပေ / ဓါတ်ပုံ ၊ ရွှေမုဌောဘုရား<br>တိုက်တန်း၊ ရှမ်းပွဲရပ်၊ ဗိုလ်ချုပ်လမ်း၊ မြစ်သား။ |

(ကျန်ရှိနေသေးသော အဖွဲ့ဝင်များ စာရင်းကို ဆက်လက်ထုတ်ဝေမည့် စာအုပ်များတွင် ဖော်ပြသွားပါမည်။)

www.burmeseclassic.com